# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၆)ရက် ၊ သောကြာနေ့ ၊ (2-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၀၂)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးလျက်ရှိ



မန္တလေး မေ ၁

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့်ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်များမှ ပါမောက္ခများနှင့် အခြေခံပညာဆရာ၊ဆရာမများက သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။


အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ဧပြီ ၂၈ ရက်မှစတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စာမျက်နှာ ၁၉ ကော်လံ ၁

# အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စာမျက်နှာ ၁၉ ကော်လံ ၄

၂-၅-၂၀၂၅ရက်မှ ၃-၅-၂၀၂၅ရက်အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ






ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂ ရက်
အယ်ဒီတာ့အာဘော်

# အချိန်အခါမဟုတ် မိုးရွာသွန်းမှု အထူးသတိပြု

အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်းဧပြီ ၂၉ ရက်ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အချိန်အခါမဟုတ် ထစ်ချုန်းမိုးရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ပေသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။

ထို့ပြင် မိုးကြိုကာလဖြစ်သည့် မေလတွင် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့် တိုက်ရိုက်ထိတွေ့ခြင်းတို့ကြောင့် ကူးစက်ရောဂါ၊ ဝမ်းရောဂါစသည့် ရောဂါဖြစ်နိုင်ပါသည်။ ထို့ပြင် အဖျားကြီးခြင်း၊ ချမ်းတုန်ခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ခေါင်းကိုက်ခြင်းရောဂါတို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ ရောဂါအများစုသည် လူတို့၏ကိုယ်ခံစွမ်းအား လျော့နည်းခြင်းကြောင့် ဖြစ်သည်။ မိုးရေစိုပြီး အအေးမိလျှင် ခန္ဓာကိုယ်၏အပူချိန် ရုတ်တရက်ပြောင်းလဲမှုကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်ကျဆင်းစေပြီး မည်သည့်ရောဂါပိုးမွှားများကိုမဆို ဝင်ရောက်နိုင်စေပါသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန် အရေးကြီးပါသည်။

ထို့ပြင် မိုးရွာသွန်းမှုကြောင့် တွင်းအောင်းသတ္တဝါများ တွင်းထဲတွင်မနေနိုင်ဘဲ အပြင်သို့ထွက်လာနိုင်သည်။ အထူးသဖြင့် မြွေများ၊ ကင်းများ ထွက်လာနိုင်သဖြင့် အဆိပ်ရှိသောသတ္တဝါများအန္တရာယ်ကို သတိပြုကြရမည်ဖြစ်သည်။ လမ်းများစိုစွတ်နေချိန်၌ ယာဉ်အန္တရာများဖြစ်ပွားတတ်သဖြင့် ဂရုပြုသွားလာသင့်သည်။ မိမိ၏ယာဉ်များ၏ကြံ့ခိုင်မှုကိုလည်း စစ်ဆေးထားသင့်ပေသည်။ မိုးကာလတွင် အထူးသတိပြုရမည့် အန္တရာယ်တစ်မျိုးမှာ လျှပ်စစ်အန္တရာယ်ဖြစ်သည်။ မိုးရေစိုစွတ်နေချိန်၌ လျှပ်ကူးနေတတ်သဖြင့် မီးခလုတ်၊ မီးကြိုးများကို သတိပြုကိုင်တွယ်ကြရမည်ဖြစ်ပြီး တတ်ကျွမ်းနားလည်သူများ၏ အကြံဉာဏ်များအတိုင်း လိုက်နာပြုမူသင့်ပေသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ပြည်သူများအနေဖြင့်မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ အာရုံစူးစိုက်နားထောင်ခြင်း၊ လျှပ်စီးလက်၍ မိုးကြိုးပစ်နေချိန်တွင် အပြင်မထွက်ခြင်း၊ တောင်ယံကမ်းပါးတို့တွင် နေထိုင်ကြသူများ မြေပြို၊ တောင်ပြိုမည့်အန္တရာယ်ကို သတိထားစောင့်ကြည့်ခြင်းတို့ပြုလုပ်၍ မိုးကာလအတွင်း ဘေးကင်းလုံခြုံစွာနေထိုင်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပိန်းဥပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပုတော မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပိန်းဥပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ပိန်းဥပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပိန်းဥပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ပိန်းဥစိုက်ပျိုးသူများအဆင်ပြေကြောင်း သိရသည်။

"မတ်လအတွင်းက ပိန်းဥပိသာချိန် ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုတောမြို့နယ်က တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေး ကောင်းမွန်ပါတယ်။ ပုတောမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ဒီဘက်က တောင်သူတွေစိုက်တဲ့ ဒေသထွက်ပိန်းဥတွေ အရည်အသွေး ကောင်းမွန်လို့ တင်ပို့အား ကောင်းခဲ့တာပါ" ဟု ပုတောမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိသာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း ပုတောမြို့နယ်မှကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းတံတား(အင်း၀)ရထားလမ်းကူးတံတား သံဘောင်တချို့ကို စနစ်တကျဖယ်ရှားခြင်းလုပ်ငန်းများ စတင်



**မန္တလေး မေ ၁**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား (အင်း၀)ရထားလမ်းကူး တံတား သံဘောင်တချို့ကို ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် စနစ်တကျဖယ်ရှားခြင်းလုပ်ငန်းများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ထုတိဝရ အမှူးပြုသော ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ၊ မေတ္တာသုတ်များ ရွတ်ဖတ်ပွားများခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံး စက်ယန္တရားများကို အန္တရာယ်ကင်း ပရိတ်ရေများ၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် ဖယ်ရှားခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ပြိုကျပျက်စီးခဲ့သည့်တံတားသံဘောင်တချို့ကို စက်ယန္တရားများအသုံးပြု၍ လူအင်အားတို့ဖြင့် စနစ်တကျ ဖယ်ရှားဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ကြည့်ရှုကာ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုစိုက် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကောလင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာများ ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၈၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၁ ဒသမ ၈၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၂၈၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲ အဓိက စိုက်ပျိုးကြပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက်နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၁၂၂၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၂၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၀၆ ဧက စုစုပေါင်း ၁၂၈၅၄ ဧက ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှု ကြည့်ရှုအားပေး



**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးလျှောင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးနေမှုနှင့် ငလျင်ဒဏ်သင့် နေရာများမှ ထိခိုက်ဒဏ်ရာရရှိသူများကို ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသပေးနေမှုများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ကြည့်ရှုရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် ဇွန် ၁၆ ရက်မှ ၂၁ ရက်ထိ ပြန်လည်ကျင်းပ စစ်ဆေးသော တက္ကသိုလ်ဝင်စာမေးပွဲ၌ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ အခက်အခဲမရှိ ချောမွေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်ထိ ဖြေဆိုသွားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း ပြောကြားပြီး တက္ကသိုလ်ဝင် စာမေးပွဲ၌ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် အနီးကပ်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့် နေရာများမှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှုပေးနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်နေမှုများကို လိုက်လံကြည့်ရှုအားပေး၍ အာဟာရဖြည့်စွက်စာများ ပေးအပ်ကာ ငလျင်ဒဏ်ကြောင့် ဆေးကုသဆောင် အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည်Oriental Highway Co.,Ltd မှ ဆောင်ရွက်နေသည့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း (ပြင်ဦးလွင်လမ်းပိုင်း) မိုင်တိုင် ၃၄/၂ မှ မိုင်တိုင် ၃၉/၆ (၅/၄)မိုင် ယာဉ်ကြောပြ အမှတ်အသားလိုင်း ရေးဆွဲနေမှုကိုလိုက်လံကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးလွင်နိုင်ကျော်-ဒေါ်ခင်မမစိုး Hill Man Land Co.,Ltd က လျှောင်ကြောင့်ပျက်စီးသွားသော ရေပိုက်လိုင်းများပြုပြင်ရန် အလှူငွေကျပ် ၁၀၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဇီးကုန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မေ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝွေးပင်ကုန်းကျေးရွာနှင့် ချောင်းနားစုကျေးရွာတို့၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ဧပြီ ၃၀ ရက်က ချောင်းနားစုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ဝွေးပင်ကုန်းကျေးရွာနှင့်ချောင်းနားစုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းကို ဝွေးပင်ကုန်းကျေးရွာနှင့် ချောင်းနားစုကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝွေးပင်ကုန်းကျေးရွာနှင့် ချောင်းနားစုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကိုငွေကျပ် ၄၈ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ဝမ်းတွင်းမြို့နယ် ကံကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ကံကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကွေ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ရွှေဘို မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၅၄၁ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၁၂၇ ဖူး ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၂၅၄၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်ခဲ့ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးကပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖေ့ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးကပြောပြ၍ သိရသည်။

(၂၀၆)



# ရေထိုး၊ အလေးခိုးဈေးသည်များ အပါယ်လားကြတော့မှာပါလား

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**❖ ကန်စွန်းဥတစ်ပိဿာချိန်တွယ်တိုင်း တစ်ဆယ်ကျပ်သားစီ အလေးခိုးခဲ့သော ဒေါ်မယ်ကြီး၏ ငရဲပြည်မှာ အသားလှီးခံနေရသော ငရဲဒုက္ခ၊ ဆန်လေးလက်တစ်ဆုပ်စီသာ ခိုးခဲ့ရုံမျှဖြင့် အရှင်လတ်လတ် ငရဲပြည်သို့ရောက်သွားခဲ့ရပြီး ကိုယ်တိုင်ငရဲမီးဒဏ်ကိုခံခဲ့ရသည့် အပြင် သေဆုံးသွားခဲ့ကြသော လင်နှင့်သမီးပါ ငရဲမီးဒဏ်ကို ခံစားနေကြရသည်ကို မြင်တွေ့ခဲ့ရသော ဒေါ်စံမယ်တို့၏ငရဲဒုက္ခမျိုးစုံအဖုံဖုံကိုကြည့်ကြပြီး ရေထိုး အလေးခိုး၊ တင်းခိုး၊ တောင်းခိုး ဈေးသည်ဆိုးတွေ သံဝေဂရနောင်ကြဉ်ကြစေချင်စမ်းပါသည်။❖**

**"ခိုင်းတော့သက်လယ် ... ဈေးဝယ်ခိုင်းတာက လွဲရင်ပေါ့ကွယ်"**

**"မရခင်က ဘာပဲလုပ်ရလုပ်ရဆို..ဟင်း...မနက်တိုင်း ဈေးဝယ်ခိုင်းတာလေးများ သေမလောက်ကြောက်နေရတယ်လို့"**

**"မောင့်ကို တခြားနည်းနဲ့နှိပ်စက်ပါ ဈေးဝယ်တော့မခိုင်းပါနဲ့ကွာ"**

**"ငါးစိမ်းသည်တွေရဲ့ကြားမှာ မောင့်ကို ရက်စက်တော့မှာလား အချစ်ရယ်"**

လင်ယောကျ်ားက ဈေးဝယ်ခိုင်းသည့် ဇနီးမယားကိုအသနားခံပြီး ခိုညည်းညည်းပြနေကြသည့် ကာတွန်းများကို ဖတ်ရှုကြရသူတိုင်း လူငယ်စကားနှင့် ပြောရလျှင် **"ဟတ်ထိ"**ပီတိဖြစ်ကြရပါသည်။

သွေးသံရဲရဲသားငါးတွေ၏ကြားထဲတွင် ရွှေဆွဲကြိုးကြီးတွေ တဝင်းဝင်း၊ အကွင်းကွင်းသော လက်ကောက်ကြီးတွေကို အပြိုင်ဝတ်ဆင်ကြကာ အပြောနှင့်အလုပ်မညီကြသော သားငါးဈေးသည်တချို့ကို ဝယ်ယူစားသုံးနေကြရသူများ၊ ရွံမုန်းအော့နှလုံးနာနေကြသည်မှာ ရှည်ကြာလှပါပြီ။

ဘယ်သူပြိုင်လို့ ကုန်ဈေးနှုန်းကြီးနိုင်ဟုမေးလျှင် သားငါးဈေးသည်တချို့က လက်မကိုယ်စီထောင်ကာ ဟားတိုက်ရယ်မောကြပေလိမ့်မည်။ သူတို့ကအကြောင်းမျိုးစုံပြကာ သားငါးကုန်ဈေးနှုန်းကို ကြီးမြင့်အောင် စွမ်းဆောင်နိုင်သလို ရေထိုး၊ အလေးခိုးမှာ အခြားဈေးသည်များထက် တစ်ပန်းသာနေကြသည်။ စားသုံးသူများမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို အလူးအလဲခံနေကြရသည့်ကြားထဲ သားငါးဈေးသည်တချို့၏ ရေထိုး၊ အလေးခိုးမှုဒဏ်များကိုပါ ထပ်မံခံစားနေကြရပြန်သောအခါ ရေနစ်သူကို ဝါးကူလို့ ထိုးသည့်နှယ် ကြမ္မာဆိုးနှင့် ရင်ဆိုင်တိုးနေကြရသည်။

သားငါးဝယ်ယူဖူးကြသူများထဲမှ အလေးခိုးမခံရဖူးသူကို ဂုဏ်ပြုဆုချီးမြှင့်မည်ဆိုပါက မည်သူမျှ ဆုရကြမည်မဟုတ်ပေ။

ငါးဝယ်ရာတွင် အလေးခိုးခံရသောကြောင့် ပြန်လည်ချိန်တွယ်စေခဲ့ရာမှ ငါးစိမ်းသည်ဆန်ဆန်ကက်ကက်လန်ရန်တွေ့ခံခဲ့ရသော ဆရာဝန်မကလေး ထံသို့ကလေးမီးဖွားရန် အလေးခိုးငါးစိမ်းသည်မလေး ရောက်လာခဲ့သည်။ သူရန်တွေ့လွှတ်လိုက်သော အမျိုးသမီးသည် သားဖွားဆေးရုံကြီးမှ ဆရာဝန်မှန်း သိလိုက်ရသောအခါ ဆောက်တည်ရာမရဖြစ်ကာ ကြောက်လန့်တုန်လှုပ်သွားသည်။ ဤသည်ကို ရိပ်စားမိသော ဆရာဝန်မလေးက ချိုသာပျူငှာစွာပြုစုကုသရင်းက **"နင်က အလေးခိုးခဲ့ပေမဲ့ ငါက မေတ္တာမခိုးပါဘူးဟယ်"**ဟုစိတ်ထဲကပဲပြောပြီး ချောချောမောမော မီးဖွားပေးစေခဲ့သည်။ ထိုဖြစ်ရပ်ကို **"အဖြေရှာပေးတဲ့ ချိန်ခွင်လျှာ"**ဟူ၍ ကျွန်တော်ဝတ္ထုတိုရေးသားခဲ့သည်။

ကျွန်တော့်လိုပင် ဘဝတူစာရေးဆရာ၊ ဆရာမများနှင့် ကာတွန်းဆရာများကလည်း ရေထိုးအလေးခိုးသားငါးဈေးသည် များကို ရှုထောင့်အမျိုးမျိုးခံစားချက်အဖုံဖုံဖြင့် ရေးသားရှုတ်ချ၊ သရော်လှောင်ပြောင်ခဲ့ကြသည်။ ကလောင်လက်နက်မျိုးစုံဖြင့် ဘယ်လိုပဲတိုက်ဖျက်တိုက်ဖျက် သူတို့ကတော့ အပြုံးမပျက်ကြဘဲ ဗေဒါပျံအံကိုခဲ၊ ပန်းပန်လျက်ဆဲပင်။

ရေထိုး၊ အလေးခိုးဈေးသည်များ၏ အေးဓားပြတိုက်မှုဒဏ်ကိုစားသုံးသူများ ကြိတ်မှိတ်ခံစားနေကြရသည့်ကြားထဲ သူတို့၏ယုတ်မာသော လုပ်ကြံမှုများကို ထပ်မံခံနေကြရပြန်သည်။ ပုစွန်ပုပ်ကို လတ်ဆတ်သယောင်ထင်အောင်၊ မဲနယ်နှင့်ရေစိမ်ပြီး လိမ်ညာရောင်းချနေကြခြင်း၊ ပါးဟက်ညိုနေသောငါးများနှင့် မလတ်ဆတ်သော အသားများကို သွေးသံရဲရဲပက်ဖျန်းပြီး အခုမှလောလောလတ်လတ် သတ်ဖြတ်၊ ခွဲစိတ်ထားသယောင် ကလိမ်ကကျစ်ညစ်ပတ်စုတ်ပွဲစွာ လုပ်ကြံရောင်းချနေကြခြင်း စသည့်မသမာသော နည်းလမ်းများကို ကျင့်သုံးနေကြသည်။

စားသုံးသူများကလည်း လတ်ဆတ်ပြီး ဈေးသက်သာတယ်ဟုဆိုကာ ဝယ်လာခဲ့ကြပြီး သဘောလောက်သာ သာမန်ကာလျှံကာ ရေဆေး၊ ခုတ်ထစ်ချက်ပြုတ်စားလေ့ရှိကြရာ အထက်လန်အောက်လျှော ဝမ်းဖောဝမ်းရောင်ရောဂါများ ဖြစ်ပွားခဲ့ကြရပါသည်။ ငါးကလီစာရောင်းသူအချို့လည်း ငါးပူတင်းကလီစာကို ရွေးချယ်ဖယ်ထုတ်ခြင်းမပြုကြဘဲ ခပ်လွယ်လွယ်ပဲ ရောင်းနေကြခြင်းကြောင့် စားသုံးမိသူတချို့နှင့် အိမ်မွေးတိရစ္ဆာန်များ သေဆုံးခဲ့ကြရသည်။

ဈေးအများစုတွင် စည်ပင်သာယာမှ ဈေးတာဝန်ခံများ၊ ဈေးခေါင်းများနှင့် သမာဓိချိန်ခွင်များရှိနေကြသည်။ သို့သော် အလုပ်ရှုပ်အချိန်ကုန်၊ ရန်များ၊ ရှက်ဖို့ကောင်းသည်ဟုဆိုကြကာ အလေးခိုးထားမှန်းသိပါလျက်နှင့် သမာဓိချိန်ခွင်များမှာချိန်တွယ်ကြလေ့မရှိပေ။ အချို့က အလေးမပြည့်၍ ငါးစိမ်းသည်ထံသို့သွားရောက်ကာ ပြန်လည်ချိန်တွယ်ခိုင်းကြရာ ငါးစိမ်းသည် ပီပီ ရန်စွယ်ငေါငေါဖြင့် အကြောင်းအမျိုးမျိုးပြကာ စော်ကားခံကြရသည်။ ငါးစိမ်းသည်အချင်းချင်းလည်း ဝယ်သူကိုအပြိုင်ခေါ်ကြရင်းက အချင်းများကုန်ကြပြီး အော်ဟစ်ဆဲဆိုနေကြရာ စိတ်မချမ်းမြေ့စရာကောင်းလှသည်။ မိန်းမချင်းဖြစ်ပွားရာမှ ယောကျ်ားများပါလာကြသောအခါ လူသတ်မှုထိဖြစ်ပွားခဲ့ဖူးသည်။

စည်ပင်သာယာဥပဒေ ၆၅(ခ) တွင် **"မမှန်ကန်သော အလေးချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ။ အကယ်၍ရောင်းချပါက စည်ပင်သာယာဥပဒေပုဒ်မ ၇၂ အရ၊ ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀/-မှ အများဆုံးကျပ် ၅၀၀၀၀/-အထိ ချမှတ်နိုင်သည်"** ဟုပြဋ္ဌာန်းထားရာ အလွန်ပင်နည်းပါးလွန်းလှသည်။

ငွေဒဏ်အနည်းအများထက်၊ ရေထိုးအလေးခိုး စရိုက်ဆိုး၊ နာမည်ပျက်ပြစ်ချက်များပြားနေသော ဈေးသည်များကို ဘက်မလိုက်၊ လာဘ်မစားကြဘဲ ဈေးထဲမှာ ဈေးရောင်းခွင့်ပိတ်ပစ်သည်အထိ အရေးယူအပြစ်ပေးကြပါမှ နောင်ကြဉ်သွားကြပေလိမ့်မည်။ မသဒ္ဒါရေစာများကို စားဝင်နေကြသူများ၊ နောက်တွန့်သွားကြပေလိမ့်မည်။ အခရာမှာ ဈေးတာဝန်ခံများနှင့် ဈေးခေါင်းများဖြစ်ကြသည်။ ဈေးတစ်ဈေး၏ဂုဏ်သိက္ခာသည် ထိုဈေးရှိဈေးတာဝန်ခံနှင့်ဈေးခေါင်းတို့၏ တာဝန်ကျေမှု၊ သစ္စာရှိမှု၊ စားသုံးသူများကို စာနာညှာတာမှုများအပေါ်တွင် မူတည်နေသည်။ ထို့ပြင် စည်ပင်သာယာဥပဒေဖြင့်သာမက ပြစ်မှုဆိုင်ရာဥပဒေများဖြင့်လည်း အရေးယူအပြစ်ပေးနိုင်သည်။

(၁) မမှန်သော အချိန်အတွယ်ကိရိယာကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်သုံးလျှင် ပုဒ်မ ၂၆၄၊

(၂) မမှန်သောအလေး၊ တင်း၊ တောင်းကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် သုံးလျှင် ပုဒ်မ ၂၆၅၊

(၃) မမှန်သောအလေး၊ တင်း၊ တောင်းကို လက်ထဲမှာထားလျှင် ပုဒ်မ ၂၆၆၊

(၄) မမှန်သော အလေး၊ တင်း၊ တောင်းကို ပြုလုပ်လျှင်ဖြစ်စေ၊ ရောင်းချလျှင်ဖြစ်စေ ပုဒ်မ ၂၆၇ စသည်ဖြင့် အရေးယူအပြစ်ပေးနေသည်။ ထိုပုဒ်မများထဲမှ ပုဒ်မတစ်ခုခုနှင့်ငြိနေပါက အမြင့်ဆုံးထောင်ဒဏ်တစ်နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ရေထိုး၊ အလေးခိုး ဈေးသည်များသာမက အလေး၊ တင်း၊ တောင်းများကို လိမ်ညာရောင်းချနေကြသူများ၊ ဆန်၊ ပဲ၊ နှမ်း၊ စပါးများထဲတွင် ဖုန်၊ ခဲ၊ သဲများရောစပ်ရောင်းဝယ်နေကြသူများလည်း အရေးယူအပြစ်ပေးခြင်းခံကြရသည်။

ဝိသမလောဘသမားများကို ဥပဒေများအရ လောကီငရဲမှာ ကျခံကြစေသည်ကို လူသိများကြသော်လည်း လောကုတ္တရာငရဲမှာမည်ကဲ့သို့ဆက်လက်ကျခံကြရသည်ကို သိသူရှားပါးလှသည်။ လောကီငရဲက သက်သာသော်လည်း လောကုတ္တရာငရဲက မသက်ညှာ၊ အကုသိုလ်ကံနှင့်အညီ ကျခံကြရပါသည်။

ရတနာမွန်ဘာသာရေးမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးထွန်းလွင်(ဓမ္မာစရိယ-ဘီအေ) ရေးသားသည့် **အပါယ်ရွာ**ဟူသောစာအုပ်ထဲမှာ အလေးခိုးကြသူများ အပါယ်လားကြရပုံများကို ဖော်ပြထားသည်။ ချမ်းသာကင်းရာအရပ်ကို **"အပါယ်"**ဟုခေါ်ပြီး၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်နှင့်တိရစ္ဆာန်ဟူသော အပါယ်လေးဘုံထဲတွင် ငရဲဘုံသည် ကြောက်စရာအလွန်ကောင်းကြောင်း ငရဲကြီးရှစ်ထပ်မှာ နှစ်အကန့်အသတ်မရှိ၊ မရှုမလှ ဒုက္ခခံကြရကြောင်း သိရသည်။

ထားဝယ်မြို့ ဝဲကျွန်းဘက်ရှိ ဦးစိန်မျှင်၊ ဒေါ်စိန်သီးတို့ဇနီးမောင်နှံ၏ ခြံထွက်ကန်စွန်းဥများကို ဖောက်သည် ဒေါ်မယ်ကြီးက သေဆုံးသွားသည်ထိ ဝယ်ယူရောင်းချပေးခဲ့သည်။ တစ်နေ့တွင် အပြင်းဖျားနေသော ဒေါ်စိန်သီး မေ့မြောသွားခဲ့ရာမှ ငရဲပြည်သို့ ရောက်သွားခဲ့သည်။ ငရဲဒုက္ခမျိုးစုံကို ခံစားနေကြရသော ငရဲကျခံနေကြရသူများထဲတွင် ဒေါ်မယ်ကြီးခံစားနေရပုံများကို မြင်တွေ့လိုက်ရသောအခါ အံ့အားသင့် တုန်လှုပ်ချောက်ချားသွားခဲ့သည်။

ငရဲသားက ဒေါ်မယ်ကြီး၏ခန္ဓာကိုယ်မှ အသားများကို ဓားမကြီးဖြင့် ဘယ်လိုပဲလှီးဖြတ်လှီးဖြတ် အသားများကမကုန်သလို ဒေါ်မယ်ကြီးကလည်း မသေဘဲ နာကျင်ခံစားငိုညည်းနေခဲ့သည်။ ငိုညည်းနေရင်းက ဒေါ်စိန်သီးကို မြင်တွေ့လိုက်ရသောအခါ "ကျွန်မကိုကယ်ပါအုံး"ဟု အော်ဟစ်အကူအညီတောင်းခံနေခဲ့သည်။ သူက ဒေါ်စိန်သီး၏ ခြံထဲမှ ကန်စွန်းဥများကိုဝယ်ယူပြီး ထားဝယ်ဈေးထဲမှာ ပြန်လည်ရောင်းချလေတိုင်း ၆၀ ကျပ်သားအလေးဖြင့် ချိန်တွယ်ပြီး တစ်ပိဿာဟုဆိုကာ ၁၀ ကျပ်သားစီ အလေးခိုးခဲ့ကြောင်း၊ ထိုသို့အလေးခိုးခဲ့သည့် အကုသိုလ်ကံကြောင့် ယခုလိုငရဲဒုက္ခကို ခံနေရကြောင်း၊ ထို့ကြောင့် သူ့ယောကျ်ား ဦးဖိုးလှိုင်ကို ကုသိုလ်ကောင်းမှုပြုပြီး ယမမင်းကြီးကြားအောင် ကုသိုလ်အမျှဝေပေးပါလို့ပြောပေးရန် အသနားခံ အကူအညီတောင်းနေပါတော့သည်။ ဒေါ်စိန်သီးကလည်း သတိပြန်လည်ရရှိလာသောအခါ ဒေါ်မယ်ကြီး၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့သည်။

မင်းတုန်းမြို့နယ် မြေနီကုန်းရွာနေ ဆန်ရောင်းချနေသူ ဒေါ်စံမယ်သည် အပြင်းဖျားပြီး သတိလစ်မေ့မြောသွားခဲ့ရာမှ ငရဲပြည်ရှိ ငရဲမင်းကြီး၏ရှေ့မှောက်သို့ ရောက်သွားခဲ့သည်။ ငရဲမင်းကြီးက "အသင်ဆန်ရောင်းတိုင်း၊ ဝယ်သူတွေမသိအောင်၊ ဆန်လက်တစ်ဆုပ်စီခိုးဝှက်ခဲ့တာ မှန်ပါသလား"ဟု မေးမြန်းခဲ့ရာ ဒေါ်စံမယ်က မငြင်းပယ်ဝံ့ဘဲ ဝန်ခံခဲ့ရသည်။ ထို့ကြောင့် ဒေါ်စံမယ်ကို အလျှံတပြောင်ပြောင်တောက်လောင်နေသော ပေ ၃၀ ခန့်အကွာအဝေးရှိသည့် သံမြေပြင်ပေါ်မှာ သုံးခေါက်တိတိ ဖြတ်ပြေးရမည်ဟု စီရင်ချက်ချမှတ်ခဲ့သည်။

ငရဲမင်းကြီး၏စီရင်ချက်အရ ငရဲသားများက ဒေါ်စံမယ်ကို ထိုနေရာသို့ ခေါ်သွားခဲ့ကြရာ သံမြေပြင်ကိုဖြတ်သန်းရန်တန်းစီကာ စောင့်နေကြသော ငရဲကျခံနေကြရသူ ဘဝတူများကို မြင်တွေ့လိုက်ရသည်။ တန်းစီနေကြသူများထဲတွင် သူ့အရင် ကွယ်လွန်သွားခဲ့ကြသော သူ့ယောကျ်ားနှင့်သူ့သမီးကို မြင်တွေ့လိုက်ရသောအခါ ဝမ်းသာအားတက်သွားခဲ့သည်။ ဒေါ်စံမယ်က သူဆန်လက်တစ်ဆုပ်စီခိုးခဲ့ရာမှ သူတစ်ဦးတည်းအတွက်မဟုတ်ဘဲ သူ့ယောကျ်ားနှင့် သူ့သမီးအပါအဝင် မိသားစုအားလုံးအတွက် ခိုးခဲ့တာမို့ ငရဲဒဏ်ကို သူ့ယောကျ်ားနှင့်သူ့သမီးပါ မျှဝေကျခံစေကြရမည်ဟုယူဆကာ သူ့ယောကျ်ား ဦးထွန်းမြင့်ကို သံမြေပူပေါ်မှာ သူ့ကိုယ်စားတစ်ခေါက်လောက် ပြေးပေးရန် အကူအညီတောင်းခံခဲ့သည်။

ဦးထွန်းမြင့်က "ငါလဲ သံမြေပူမှာ ပြေးရအုံးမယ် နင့်အပြစ် နင်ပဲခံပေါ့"ဟုပြန်ပြောခဲ့ရာ ဒေါ်စံမယ်ခမျာ ဝမ်းနည်းသွားရှာသည်။ ဒေါ်စံမယ်က လင်ယောကျ်ား၏ငြင်းပယ်ခြင်းကိုခံရသောအခါ ဝမ်းနည်းကြေကွဲစွာဖြင့် "သမီးလေးရယ်..အမေခိုးခဲ့တဲ့ဆန်ကို သမီးလေးလဲ စားခဲ့တာပဲလေ။ ဒါကြောင့် အမေ့ကို တစ်ခေါက်လောက် ကူပြေးပေးပါကွယ်"ဟု သမီးကို အကူအညီတောင်းခံခဲ့ပြန်သည်။ သမီးက "အမေ့အပြစ်၊ အမေ့ဘာသာခံ၊ အမေ့ဘာသာပြေး၊ သမီးလဲ အမေ့လိုပဲ ပြေးရအုံးမှာ"ဟု ပြန်ပြောခဲ့သည်။

သည်တော့မှ ဒေါ်စံမယ်က "အင်း...သူတို့လည်း သူတို့အကုသိုလ်ကံနဲ့ ငရဲခံကြရမှာဆိုတော့ ငါပဲခံပါတော့မယ်လေ"ဟုတွေးတောကာ အလျှံတပြောင်ပြောင်တောက်လောင်နေသော သံမြေပြင်ပေါ်မှာ သူကိုယ်တိုင်ပဲ သုံးခေါက်တိတိပြေးခဲ့ရလေသည်။

သူ့ခြေဖဝါးတွေကျက်ကုန်အောင် ပူလောင်မှုဒဏ်ကို ခံစားရသောကြောင့် ချွေးသီးချွေးပေါက်တွေကျ၊ မောပန်းနာကျင်လွန်းစွာခံစား၊ နားနေစဉ်မှာ သူတို့ရွာမှ ပိုးထိသေသွားသော ကိုဖိုးထွန်းက သူ့အနားသို့ ရုတ်တရက်ရောက်လာပြီး "သူ့အိမ်လှေကားငါးထစ်အောက်မှာ မြှုပ်ထားတဲ့ငွေအိုးကြီးကို စွဲလမ်းစိတ်နဲ့ သေဆုံးခဲ့လို့ ငရဲရောက်နေတာမို့ ငွေအိုးကြီးကို ဖော်ယူ၊ ဆွမ်းသွပ်အလှူဒါနလုပ်၊ အမျှဝေပေးကြဖို့ သူ့မိန်းမနဲ့သမီးကို ဆက်ဆက်ပြောပေးပါ"ဟု မှာကြားကာ သူပြေးရမည့်သံမြေပြင်ဆီသို့ ချက်ချင်းပြေးထွက်သွားတော့သည်။ **စာမျက်နှာ ၅ သို့ ➤**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၀၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၀၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နွေစပါးဧက ၅၀၃၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နွေစပါးဧက ၅၀၃၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၀၀၂၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးတွေ ပိုးမွှားကျရောက်မှုမရှိစေဖို့၊ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နွေစပါးစိုက်တောင်သူများအနေဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင် အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများအနေဖြင့် မိုးသီးနှံရိတ်သိမ်းပြီး နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ငေးငိုင်၍ကျန်ခဲ့သော ဒေါ်စံမယ်က အပူဒဏ်ကြောင့် ရေဆာလာရာ "ရေ...ရေ...ရေပေးပါ"ဟုအော်ဟစ်ရင်း သတိပြန်ရလာခဲ့သည်။ သည်တော့မှ လူနာစောင့်များက ဒေါ်စံမယ်မသေကြောင်း သိလိုက်ကြကာ ဝမ်းသာသွားကြသည်။ သို့သော် ဒေါ်စံမယ်၏ဒူးဆစ်နှစ်ဖက်အောက်ပိုင်းတွေမှာ မြွေအရေခွံလဲနေသည့်ပမာ အရေပြားတွေ တဖြည်းဖြည်းကွာကျလာသည်ကိုမြင်တွေ့လိုက်ကြရာ ဟာခနဲ ဟင်ခနဲဖြစ်သွားကြကာ အံ့အားသင့်သွားကြသည်။ ငရဲမီးဒဏ်ခံခဲ့ရသည်ကို လက်တွေ့ပြလိုက်ခြင်းပင်တည်း။

ထိုသို့ဒေါ်စံမယ်တစ်ယောက် ငရဲပြည်သို့ အရှင်လတ်လတ်ရောက်သွားခဲ့ရပြီး ငရဲဒုက္ခခေတ္တခဏခံစားခဲ့ရပုံကို ကြားသိလိုက်ရသူတိုင်းက အလွန်ပင်ကြောက်လန့်တုန်လှုပ်ချောက်ချားသွားခဲ့ကြပြီး အကုသိုလ်အလုပ်ကို မလုပ်ရဲကြတော့ဘဲ ငါးပါးသီလကို စောင့်ထိန်းသွားခဲ့ကြသည်။

ကန်စွန်းဥတစ်ပိဿာချိန်တွယ်တိုင်း တစ်ဆယ်ကျပ်သားစီ အလေးခိုးခဲ့သော ဒေါ်မယ်ကြီး၏ ငရဲပြည်မှာ အသားလှီးခံနေရသော ငရဲဒုက္ခ၊ ဆန်လေးလက်တစ်ဆုပ်စီသာ ခိုးခဲ့ရုံမျှဖြင့် အရှင်လတ်လတ် ငရဲပြည်သို့ ရောက်သွားခဲ့ရပြီး ကိုယ်တိုင်ငရဲမီးဒဏ်ကိုခံခဲ့ရသည့်အပြင် သေဆုံးသွားခဲ့ကြသော လင်နှင့်သမီးပါ ငရဲမီးဒဏ်ကို ခံစားနေကြရသည်ကို မြင်တွေ့ခဲ့ရသော ဒေါ်စံမယ်တို့၏ငရဲဒုက္ခမျိုးစုံအဖုံဖုံကို ကြည့်ကြပြီး ရေထိုးအလေးခိုး၊ တင်းခိုး၊ တောင်းခိုး ဈေးသည်ဆိုးတွေ သံဝေဂရနောင်ကြဉ်ကြစေချင်စမ်းပါသည်။

ပျော်ပျော်ပါးပါးစားကြသောက်ကြတော့ မိသားစုဝင်များအားလုံး။ နည်းမျိုးစုံဖြင့် ခိုးခဲ့ကြသော အကုသိုလ်အကျိုးပေးကြောင့် ငရဲပြည်မှာ သိမ်းကျုံးကျခံရတာက တစ်ယောက်တည်းပါ။ ဘယ်လင်၊ ဘယ်ဇနီး၊ ဘယ်သားသမီးကမျှ ကိုယ်စားဝင်မခံကြသည်ကို အမြင်မှန်ရ၊ နောင်တရကြစေချင်ပါသည်။

မသဒ္ဓါရေစာများကို မတရားသောနည်းများဖြင့် ဝါးမျိုနေကြသူများသည် သံရည်ပူများနှင့်အဆိပ်များကို ဝါးမျိုနေကြလေရာ လောကီငရဲမှာရော လောကုတ္တရာငရဲမှာပါ အနေးနှင့်အမြန် လည်စင်းခံကြရမှာ သေချာနေသည်။

သိက္ခာကို ရိက္ခာနှင့်မလဲကြသော ဈေးသည်ကောင်းအများစုကတော့ လောကီနယ်ပယ်မှာရော လောကုတ္တရာနယ်ပယ်မှာပါ။ ကောင်းကျိုးချမ်းသာ လိုရာဆန္ဒပြည့်ဝနေကြမှာ မလွဲဧကန်အမှန်ပင်တည်း။

ထို့ကြောင့် **ကြံစည်ဝမ်းထဲ၊ မုသားစွဲ၍၊ စဉ်းလဲစဉ်းစား၊ မတရားဖြင့်၊ ယူငြားလိုစွာ၊ ဆိုးယုတ်မာ၏၊ ချမ်းသာလက်လွတ်၊ ချွတ်ထပြီးမှ၊ မီးထက်မက၊ ကြီးနောင်တနှင့် သေရိဝမည် ရွံကုန်သည်သို့၊ မကြည်နှလုံး၊ သက်ဆုံးခန္ဓာ၊ ကျိုးယုတ်စွာ၏**"ဟူ၍ **"မဃဒေဝလင်္ကာ"**မှာ သံဝေဂရကြစေရန် ဆိုဆုံးမထားသည်နှင့်အညီ သတိ၊ အသိဖြင့် သံဝေဂရကြစေချင်သည်။

ထို့ပြင် **"ရှင်မဟာရဋ္ဌသာရ"** ၏ **"လက်သစ်တောင်သာဆုံးမစာ"**ပါ **"အရောင်းအဝယ်၊ အသွယ်သွယ်တွင်၊ လိုဖွယ်ရခိုက်၊ ဖိုးထိုက်တန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက်မဆိုရစေနှင့်"**ဟူသောဆုံးမစကားနှင့်အညီ လောဘတိုက်ပြီး လူမိုက်များမဖြစ်ကြရအောင် ဆောင်ဖွယ်ရှောင်ဖွယ်အသွယ်သွယ်ကို လိုက်နာကျင့်သုံးကြစေချင်ပါသည်။

အဓိကအချက်မှာ အတ္တပရမျှတစေချင်ပသည်။ ဝိသမလောဘသမားများ၏ နှလုံးသားထဲတွင် စွဲထင်နေစေချင်တာကတော့ **"ငါသာ... စားသုံးသူဖြစ်ခဲ့လျှင်"** ဟူ၍ပင်။

## စာဖတ်ကြမယ် တို့လူငယ်

- အလိမ္မာ အသိမြတ်နဲ့
စာပေဖတ် တို့လူငယ်၊
စာပေသည်သာ ဘဝလမ်း
ဖြောင့်တန်းစေတယ်၊
စာပေဖတ်မှ သုတကြွယ်
လူ့ဘဝဝယ် ဂုဏ်ရှိန်တိုး၊
အမှောင်ကွယ် အလင်းရောက်
ထွန်းတောက်ဉာဏ်ဖြိုး။

- စာပေကို အမြတ်တနိုးနဲ့
တန်ဖိုးထား ဖတ်ကာပင်၊
ကိုယ့်နိုင်ငံ ပြည်ရွာအကျိုး
သယ်ပိုးအစဉ်၊
စာဖတ်ခြင်းဖြင့် အလှဆင်
လူ့ဘဝတွင် အောင်မြင်ရေး၊
အချိန်တွေ အတိအကျ
အသုံးချစို့လေး။

- ဖြူစင်ဖွယ် စိတ်အတွေးနဲ့
ရိုးသားမနေး လူ့ရပ်ထံ၊
စာပေကို နေ့စဉ်မပြတ်
ဖတ်မှန်ကေန်၊
ရည်မှန်းချက် ပြည့်စေရန်
သန္နိဋ္ဌာန် ချမှတ်သွား၊
ဖိုးထိုက်တန် လူသားအဖြစ်ကို
ထုဆစ်လှုပ်ရှား။ ။

**ရဲသွေးနီ(တက်ဝန်)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယား ယာယီသမ္မတ ဟန်ဒက်ခ်ဆိုး ရာထူးမှ နုတ်ထွက်ဖွယ်ရှိ

ဆိုးလ် မေ ၁

တောင်ကိုရီးယားနိုင်ငံ ယာယီသမ္မတ တာဝန်ရယူထားသော ဝန်ကြီးချုပ် ဟန်ဒက်ခ်ဆိုးသည် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရေးအတွက် ယနေ့တွင် ယာယီသမ္မတရာထူးမှ နုတ်ထွက်ဖွယ်ရှိကြောင်း တောင်ကိုရီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားမီဒီယာများ၏ အဆိုအရ ယာယီသမ္မတဟန်ဒက်ခ်ဆိုးသည် ယာယီသမ္မတရာထူးမှ နုတ်ထွက်မှုနှင့်ပတ်သက်၍ တိုင်းပြည်သို့ မိန့်ခွန်းပြောကြားဖွယ်ရှိကြောင်း သိရသည်။

ယာယီသမ္မတဟန်ဒက်ခ်ဆိုးအနေဖြင့် ဇွန် ၃ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်အစီအစဉ်ကို ဇွန် ၂ ရက်တွင် တရားဝင်ကြေညာဖွယ်ရှိသည်။

တောင်ကိုရီးယားယာယီသမ္မတရာထူးမှ ဝန်ကြီးချုပ်ဟန်ဒက်ခ်ဆိုး နုတ်ထွက်ပြီးချိန်တွင် ယာယီသမ္မတရာထူးကို ဘဏ္ဍာရေးဝန်ကြီး ချိုင်ဆန်မော့ခ်က ရယူဖွယ်ရှိသည်။

စစ်အုပ်ချုပ်ရေးဥပဒေကြေညာရန်ကြိုးပမ်းမှုဖြင့် သမ္မတဟောင်း ယွန်းဆွတ်ယိုးကို လွှတ်တော်က စွပ်စွဲပြစ်တင်ခဲ့ပြီး နောက်ပိုင်း ဝန်ကြီးချုပ်ဟန်ဒက်ခ်ဆိုးက ယာယီသမ္မတအဖြစ် တာဝန်ယူထားခြင်းဖြစ်သည်။

တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံတရားရုံးက သမ္မတယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် တောင်ကိုရီယားအစိုးရက သမ္မတရွေးကောက်ပွဲကို ဇွန် ၂ ရက် တွင်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



## ဗီယက်နမ်နှင့်ရယူထားသည့် ရေပြင်နယ်နိမိတ် သဘောတူညီချက် အင်ဒိုနီးရှားလွှတ်တော်အတည်ပြု

ဂျကာတာ မေ ၁

ဗီယက်နမ်နိုင်ငံနှင့်ရယူထားသည့် အထူးစီးပွားရေးဇုန် ရေပြင်နယ်နိမိတ်သတ်မှတ်ချက်ဆိုင်ရာ သဘောတူညီချက်ကို အင်ဒိုနီးရှားလွှတ်တော်က လာမည့်ရက်သတ္တပတ်အတွင်း အတည်ပြုပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်ဒေသသည် တရုတ်နှင့် အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများကြား တင်းမာမှုများရှိနေသော ပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်ဒေသဖြစ်သည်။

ဗီယက်နမ်နိုင်ငံနှင့်ရယူထားသည့် တောင်တရုတ်ပင်လယ်ဒေသ အထူးစီးပွားရေးဇုန်ရေပြင်နယ်နိမိတ်သဘောတူညီချက်ကို အင်ဒိုနီးရှားအစိုးရက မေ ၅ ရက်တွင် တရားဝင် အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထိုနည်းတူ အဆိုပါသဘောတူညီချက်ကို လာမည့်ရက်သတ္တပတ်အတွင်းမှာပင် အတည်ပြုပေးရန် လွှတ်တော်က သဘောတူထားကြောင်း အင်ဒိုနီးရှားလွှတ်တော်အမတ်များက ပြောကြားသည်။

ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် တောင်တရုတ်ပင်လယ် အထူးစီးပွားရေးဇုန် နယ်နိမိတ်သတ်မှတ်မှု သဘောတူညီချက်ကို ၂၀၂၂ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗီယက်နမ်နှင့် အင်ဒိုနီးရှား အထူးစီးပွားရေးဇုန်များအား ပိုင်းခြားသတ်မှတ်ပေးထားသည့် ၎င်းသဘောတူညီချက်ကို ဗီယက်နမ်လွှတ်တော်ကလည်း အတည်ပြုပေးရန် လိုအပ်ဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့က နှစ်နိုင်ငံကြား ပထမဆုံး မြစ်ကူးတံတားသစ်တစ်စင်း စတင်တည်ဆောက်



မော်စကို မေ ၁

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကြား ပထမဆုံးသော မြစ်ကူးတံတားသစ်ကို ယနေ့တွင် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား တူမင်နယ်စပ်မြစ်ကို ဖြတ်ကျော်တည်ဆောက်မည့် အဆိုပါ မြစ်ကူးတံတားသည် တစ်ကီလိုမီတာရှည်လျားမည်ဖြစ်ပြီး တစ်နှစ်ခွဲအတွင်း အပြီးတည်ဆောက်ရန် ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့က ရည်ရွယ်ထားသည်။

အဆိုပါ တူမင်မြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်း ပန္နက်ချပွဲများကို ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ သက်ဆိုင်ရာနယ်စပ်မြို့များရှိ စီမံကိန်းနေရာများ၌ ယနေ့တွင် တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို တူမင်မြစ်ဖြတ် ရထားသွား တံတားတစ်စင်းနှင့် လေကြောင်းခရီးစဉ်များက ချိတ်ဆက်ပေးထားသည်။

တူမင်မြစ်ကူး တံတားသစ်ကြောင့် နှစ်နိုင်ငံပြည်သူများ နယ်စပ်ဖြတ်၍ အပြန်အလှန်ဝင်ရောက်မှုနှင့် ကုန်စည်စီးဆင်းမှုများ အားကောင်းလာမည် ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် ယူကရိန်းစစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့်နောက်ပိုင်း ပို၍ခိုင်မာအားကောင်းလာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယနိုင်ငံကပြုလုပ်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံမှု၌ အမျိုးဇာတ်ဆိုင်ရာအချက်အလက်များ ထည့်သွင်းကောက်ခံမည်

ဒေလီ မေ ၁

နောင်တစ်ချိန်တွင် ပြုလုပ်မည့် ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကောက်ခံမှု၌ ပြည်သူများ၏ အမျိုးဇာတ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကိုပါ ထည့်သွင်းကောက်ခံရန် အိန္ဒိယအစိုးရက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။




အိန္ဒိယနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် သန်းခေါင်စာရင်းကောက်ခံရာတွင် ပြည်သူများ၏ အမျိုးဇာတ်ဆိုင်ရာ အချက်အလက်များကိုပါ ထည့်သွင်းကောက်ခံရန် စီစဉ်ထားခြင်းဖြစ်သည်။

လူဦးရေ သန်းခေါင်စာရင်းကောက်ခံရာတွင် ပြည်သူများ၏ အမျိုးဇာတ် အချက်အလက်များပါ ထည့်သွင်းကောက်ခံခဲ့ပါက ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံအနေဖြင့် မလိုလားအပ်သည့် လူမှုရေးပြဿနာများ၊ နိုင်ငံရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အမျိုးဇာတ်ခွဲခြားမှုစနစ်သည် အိန္ဒိယနိုင်ငံသားများ၏ ဘဝရပ်တည်မှုအဆင့်ကို အဆုံးအဖြတ်ပေးနေဆဲဖြစ်သည့် ရှေးအစဉ်အလာစနစ်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဗြိတိသျှလက်အောက်မှလွတ်လပ်ရေးမရရှိမီ ၁၉၃၁ ခုနှစ်တွင်ပြုလုပ်ခဲ့သော လူဦးရေသန်းခေါင်စာရင်းကောက်ခံမှု၌ ပြည်သူများ၏ အမျိုးဇာတ်ဆိုင်ရာ အချက်အလက်များကို နောက်ဆုံးတစ်ကြိမ် ကောက်ခံခဲ့သည်။

ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကောက်ခံမှုကို မည်သည့်အချိန်တွင် ပြုလုပ်မည်ကို အိန္ဒိယအစိုးရက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပါကစ္စတန်လေကြောင်းလိုင်းများမှ ခရီးသည်တင်လေယာဉ်များ အိန္ဒိယလေပိုင်နက်အသုံးပြုခွင့်ကို အိန္ဒိယအစိုးရပိတ်ပင်

ဒေလီ မေ ၁

ပါကစ္စတန်လေကြောင်းလိုင်းများမှ ခရီးသည်တင်လေယာဉ်များ အိန္ဒိယလေပိုင်နက်အသုံးပြုခွင့်ကို အိန္ဒိယအစိုးရက ဧပြီ ၃၀ ရက်တွင် စတင်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန် ခရီးသည်တင်လေယာဉ်များ အိန္ဒိယလေပိုင်နက်အသုံးပြုခွင့်ပိတ်ပင်ချက်သည် ဧပြီ ၃၀ ရက်မှ မေ ၂၃ ရက်ထိ အာဏာသက်ဝင်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ကြေညာထားသည်။

အိန္ဒိယနိုင်ငံဂျမ္မူး ၎င့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကြောင့် အိန္ဒိယနှင့် ပါကစ္စတန်အကြား ဆက်ဆံရေးတင်းမာနေချိန်တွင်ပါကစ္စတန်ခရီးသည်တင်လေယာဉ်များ အိန္ဒိယလေပိုင်နက်အသုံးပြုခွင့်ကို အိန္ဒိယအစိုးရက ပိတ်ပင်ထားခြင်းဖြစ်သည်။

သို့ရာတွင် ပါကစ္စတန် လေကြောင်းလိုင်းများအနက် ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းတစ်ခုတည်းကသာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ခရီးစဉ်များအတွက် အိန္ဒိယဝေဟင်ပိုင်နက်ကို သုံးစွဲလျက်ရှိသည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံ၏ ဝေဟင်ပိုင်နက်အသုံးပြုခွင့် ပိတ်ပင်ချက်သည် ပါကစ္စတန်လေကြောင်းလိုင်းများအပေါ် ကြီးကြီးမားမား အကျိုးသက်ရောက်မှု မရှိနိုင်ကြောင်း သိရသည်။

ဂျမ္မူးနှင့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၆ ဦး သေဆုံးခဲ့ရသော အကြမ်းဖက် တိုက်ခိုက်မှုတွင် ပါကစ္စတန်နိုင်ငံသားများ ပါဝင်ပတ်သက်နေကြောင်း အိန္ဒိယအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက သစ်တောများစောင့်ကြည့်ရေး ဂြိုဟ်တုတစ်စင်းကို ဗီဂါ-စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**ပဲရစ် မေ ၁**

ဥရောပ အာကာသအေဂျင်စီသည် သစ်တောများ စောင့်ကြည့်ရေးဂြိုဟ်တုတစ်စင်းကို ဧပြီ ၂၉ ရက်တွင် ဗီဂါ-စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဧပြီ ၃၀ ရက်သတင်းများအရ သိရသည်။

Biomass အမည်ရှိ အဆိုပါ သစ်တော လေ့လာရေးဂြိုဟ်တုကို သယ်ဆောင်ထားသော ဗီဂါ-စီ ဒုံးပျံကို ပြင်သစ်ဂီယာနာဒေသ ကိုရူး အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Biomass ဂြိုဟ်တုမစ်ရှင်သည် ဗီဂါ-စီ ဒုံးပျံအတွက် စတုတ္ထမြောက် အာကာသမစ်ရှင်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်း ဒုတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဗီဂါ-စီ ဒုံးပျံကို ဒုတိယမြောက် မစ်ရှင်အဖြစ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် လွှတ်တင်ခဲ့သော တတိယမြောက်မစ်ရှင်ကမူ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၂၉ ရက်မစ်ရှင်တွင် ဗီဂါ-စီ ဒုံးပျံသည် Biomass ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၄၀၀ ကျော်တွင်ရှိသောပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

အလေးချိန် ကီလိုဂရမ် ၁၁၃၀ ရှိသည့် Biomass ဂြိုဟ်တုသည် ကမ္ဘာမြေ၏ သစ်တောများကို ငါးနှစ်ကြာ လေ့လာစောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နေအဖွဲ့အစည်းအနားစွန်း၌ ဂြိုဟ်တစ်စင်း ပုန်းခိုတည်ရှိနေမှုနှင့်ပတ်သက်၍ သက်သေအထောက်အထားများကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**တိုကျို မေ ၁**

နေအဖွဲ့အစည်း အနားစွန်း၌ ဂြိုဟ်တစ်စင်း ပုန်းခိုတည်ရှိနေမှုနှင့်ပတ်သက်၍ သက်သေအထောက်အထားများကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၃၀ ရက် သတင်းများအရ သိရသည်။

တရုတ်(တိုင်ပေ)၊ ဂျပန်၊ ဩစတြေးလျနိုင်ငံတို့၌ သိပ္ပံပညာရှင်များသည် အာကာသယာဉ်နှစ်စင်းမှရရှိထားသော အချက်အလက်များကိုအသုံးပြု၍ နေအဖွဲ့အစည်းအတွင်း နဝမမြောက် ဂြိုဟ်တည်ရှိမှု အထောက်အထားသစ်များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့ရရှိထားသော အထောက်အထားများအရ နေနှင့်မိုင်ပေါင်း ၄၆ ဒသမ ၅ ဘီလီယံနှင့် ၆၅ ဒသမ ၁ ဘီလီယံကြား အကွာအဝေး၌ နေကိုလှည့်ပတ်နေသော အကာသဒြပ်ထည် တစ်ခုရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဂြိုဟ်သစ်နှင့် နေတို့ကြား အကွာအဝေးသည် နေနှင့် ပလူတိုဂြိုဟ်သိမ်ကြား အကွာ



အဝေးထက် အဆပေါင်း ၂၀ ပိုဝေးကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

နေအဖွဲ့အစည်းအတွင်း နဝမမြောက်ဂြိုဟ်တစ်စင်း တည်ရှိနေနိုင်မှုနှင့်ပတ်သက်၍ အဆိုပြုသီအိုရီများသည် ၂၀၁၆ ခုနှစ်ကပင် စတင်ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်ထိ နိုင်ငံတကာ သိပ္ပံပညာရှင်များအနေဖြင့် နဝမမြောက် ဂြိုဟ်တည်ရှိမှုကို အတည်ပြုနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများ ပြုလုပ်နေကြရဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကမ္ဘာဂြိုဟ်အနီး၌ ကြယ်ဖွဲ့ဓာတ်ငွေ့တိမ်တိုက်ကြီးတစ်ခု တည်ရှိနေမှုကို သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

**လန်ဒန် မေ ၁**

ကမ္ဘာဂြိုဟ်အနီး၌ ကြယ်ဖွဲ့ဓာတ်ငွေ့တိမ်တိုက်ကြီး တစ်ခုတည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း ဧပြီ ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဓာတ်ငွေ့တိမ်တိုက်ကြီးသည် အရွယ်အစားအားဖြင့် လအစင်း ၄၀ စာမျှရှိပြီး အလေးချိန်မှာ နေ၏ဒြပ်ထုထက် အဆပေါင်း ၃၄၀၀ ပိုများကြောင်း ဗြိတိန်နိုင်ငံ ကွင်းမေရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အောအစ်ဟူ၍ အမည်ပေးထားသည့် အဆိုပါကြယ်ဖွဲ့တိမ်တိုက်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၀၀ ခန့်အကွာတွင် တည်ရှိရာ ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးကြယ်ဖွဲ့တိမ်တိုက်ဖြစ်ကြောင်း သိရသည်။

ဓာတ်ငွေ့များ၊ ဖုန်မှုန့်များဖြင့်ဖွဲ့စည်းထားသော ကြယ်ဖွဲ့တိမ်တိုက်ကြီးသည် ကြယ်သစ်များနှင့်ဂြိုဟ်သစ်များ ဖွဲ့စည်းဖြစ်ပေါ်နေတတ်သည့် နယ်မြေများဖြစ်ကြသည်။

အောအစ် ကြယ်ဖွဲ့တိမ်တိုက်ကို တောင်ကိုရီးယားနိုင်ငံက လွှတ်တင်ထားသည့် STSAT-1 အမည်ရှိ ဂြိုဟ်တု၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အောအစ်ကြယ်ဖွဲ့တိမ်တိုက်ကို လေ့လာခြင်းဖြင့် ကြယ်သစ်များနှင့် ဂြိုဟ်သစ်များ မည်သို့ဖွဲ့စည်းဖြစ်ပေါ်လာသည်ကို ပို၍နားလည်လာနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အရွယ်ရောက်သူများကြား အူမကြီးကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက်လာခြင်းက Colibactin အဆိပ်ဓာတ်နှင့်ဆက်စပ်နေ

**နယူးယောက် မေ ၁**

လူငယ်အရွယ်ရောက်သူများကြား အူမကြီးကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက်လာခြင်းသည် Colibactin ခေါ် အဆိပ်ဓာတ်တစ်မျိုးနှင့် ဆက်စပ်နေကြောင်း ဧပြီ ၃၀ ရက် သတင်းများအရ သိရသည်။

E.Coli ဗက်တီးရီးယားများမှ ထွက်ပေါ်လာသည့် Colibactin အဆိပ်ဓာတ်ကြောင့် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ မျိုးဗီဇအခြေခံမော်လီကျူးများ ပြောင်းလဲသွားနိုင်ပြီး အချိန်အခါမတန်ဘဲ အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Colibactin အဆိပ်ကြောင့် မျိုးဗီဇအခြေခံ မော်လီကျူးများပြောင်းလဲမှုကို အသက် ၇၀ အထက် အူမကြီးကင်ဆာ လူနာများထက် အသက် ၄၀ အောက် အူမကြီးကင်ဆာလူနာများ၌ သုံးဆပို၍ တွေ့ရမှုများကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် Colibactin အဆိပ်ထုတ်ပေးနိုင်သော ဗက်တီးရီးယားများသည် ကလေးများ၏ အစာခြေလမ်းကြောင်းစနစ်အတွင်း ခိုအောင်းနေနိုင်ဖွယ်ရှိရာသက်လတ်ပိုင်းအရွယ်၌ အူမကြီးကင်ဆာ ဖြစ်နိုင်မည့် နောက်ခံအခြေအနေတစ်ရပ်ဖြစ်နေနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၁၁ နိုင်ငံတို့မှ အူမကြီးကင်ဆာလူနာ ၉၈၁ ဦး၏ ကင်ဆာဆဲလ်နမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အလွန်အကျွံပြုပြင်ထားသည့်အစာများ စားပါက ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေ မြင့်မားနိုင်

**ဘရာဇီးလီးယား မေ ၁**

အလွန်အကျွံ ပြုပြင်စီရင်ထားသည့်အစားအစာများကို အစားများပါက အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

ဘရာဇီး သုတေသနပညာရှင်များ၏အဆိုအရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို ၁၀ ရာခိုင်နှုန်းတိုး၍ စားသုံးတိုင်း ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးပါးနိုင်ခြေမှာလည်း ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာတတ်ကြောင်း သိရသည်။

ဘရာဇီး သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ရှစ်နိုင်ငံတို့မှ အသက် ၃၀ နှင့် ၆၉ နှစ်ကြားရှိသူများ၏ နေ့စဉ်စားသောက်ပုံများနှင့် ၎င်းတို့၏ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများသည် ဆိုးဆေးများ၊ ဓာတုပစ္စည်းများ ထည့်သွင်းအသုံးပြုထားသည့် အစားအစာများဖြစ်ကြပြီး သကြား၊ ပြည့်ဝဆီနှင့် ဆားဓာတ်ပါဝင်မှုမြင့်မားသော အစားအစာများ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး ဂျိုလင်တန် ဒူးဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု နယူးကာဆယ်ထုတ်ပြန်

လန်ဒန် မေ ၁

တိုက်စစ်မှူး ဂျိုလင်တန်သည် အစ်ဗတ်အသင်းနှင့် ပွဲစဉ်မတိုင်မီ ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ဒဏ်ရာသက်သာလာခြင်း မရှိခဲ့သဖြင့် ယခုအခါ ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု နယူးကာဆယ်အသင်းက ထုတ်ပြန်ခဲ့သည်။

အသင်း တာဝန်ရှိသူများက ဂျိုလင်တန်၏ ဒဏ်ရာအခြေအနေကို စကန်ဖတ်စစ်ဆေးမှု ပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှု မရှိသဖြင့် ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်သော်လည်း လက်ကျန်ပွဲစဉ်များဖြစ်သည့် ဘရိုက်တန်၊ ချဲလ်ဆီး၊ အာဆင်နယ်နှင့် အဲဗာတန်အသင်းတို့နှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်၍ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ပစ်မှတ်ထားနေသည့် အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေကြောင်း သိရသည်။

လက်ရှိနယူးကာဆယ်အသင်းတွင် တိုက်စစ်မှူး ဂျိုလင်တန် အပါအဝင် ခံစစ်ကစားသမား လူဝစ်ဟောလ်၊ မက်တားဂတ်စ်နှင့် လက်ဆဲလက်စ် တို့သည်လည်း ဒဏ်ရာပြဿနာရှိနေသောကြောင့် လာမည့်ပွဲစဉ်များကို ပါဝင်နိုင်မည်မဟုတ်သဖြင့် တိုက်စစ်ပိုင်းအပြင် ခံစစ်ပိုင်းတွင်လည်း အားနည်းချက်များရှိနေ၍ လာမည့်ပွဲစဉ်များတွင် ရုန်းကန်ရမည်ဖြစ်သည်။

လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပရီးမီးယားလိဂ်မှ အသင်းငါးသင်းထိ ဝင်ခွင့်ရရှိမည်ဖြစ်သောကြောင့် ပွဲစဉ် (၃၄) အပြီးတွင် အမှတ်ပေးဇယား အဆင့်(၃) နေရာတွင်ရောက်ရှိနေသည့် နယူးကာဆယ်အသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ကြိုးပမ်းနေသကဲ့သို့ အဆင့်(၆)မှ နော်တင်ဟမ်အသင်းနှင့် အဆင့်(၇)မှ အေဗီလာအသင်းတို့နှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် လာမည့်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိမှသာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : The mirror

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဧပြီလအတွက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံးကစားသမားဆု ဆန်ကာတင်စာရင်းတွင် ဝုဗ်ကစားသမား အိတ်နူရီနှင့် လာဆန်၊ နယူးကာဆယ်မှ ဟာဗေးဘန်းနှင့် ဂျက်ကော့မာဖီ၊ လီဗာပူးအသင်းမှ အယ်လစ်စတာ၊ အေဗီလာမှ ရော်ဂျာ၊ ဖူလ်ဟမ်မှ ဆက်စက်ဂနွန်တို့ ပါဝင်ခဲ့ပြီး အကောင်းဆုံးနည်းပြစာရင်းတွင် အမ်မရီ၊ ဂွါဒီယိုလာ၊ ဟိုဝီ၊ ပါရဲရားနှင့် ဆလော့တို့ ပါဝင်ခဲ့ကြောင်း သိရသည်။
- လေဗာကူဆင်အသင်းက အသင်းမှထွက်ခွာမည့် နည်းပြအလွန်ဆိုနေရာတွင် ဘာစီလိုနာအသင်းနည်းပြဟောင်း ဇာဗီနှင့်အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ပရီးမီးယားလိဂ် ကလပ် အာဆင်နယ်နှင့် ချဲလ်ဆီးအသင်းတို့က နစ်ကိုးဝီလျံကို ကမ်းလှမ်းမှုပြုလုပ်နေသော်လည်း ဘီလ်ဘာအိုအသင်းတွင်သာ ပျော်ရွှင်နေကြောင်း ကစားသမားကိုယ်တိုင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# WBC International Silver စူပါဝယ်သာဝိတ်တန်း မကျေပွဲအဖြစ် လီကက်သာနှင့် အက်ဂင်တန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်



လန်ဒန် မေ ၁

WBC International Silver စူပါဝယ်သာဝိတ်တန်း ချန်ပီယံ ဗြိတိန်လက်ဝှေ့သမား အက်ဂင်တန်သည် မကျေပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား လီကက်သာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဧပြီ ၂၀ ရက်တွင် လက်ရှိချန်ပီယံ လီကက်သာနှင့် အက်ဂင်တန်တို့ အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် ထိုးသတ်ခဲ့ရာ အင်ဂင်တန်က ကိုးချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

လီကက်သာသည် ချန်ပီယံကာကွယ်ပွဲစဉ်တွင် ကိုးချီမြောက်၌ ညာဘက်မျက်ခုံး ကွဲသွားခဲ့ပြီး ဆရာဝန်မှတ်ချက်ကြောင့် ဆက်လက်ထိုးသတ်ခွင့် မရတော့သည့်အတွက် အရှုံးပေးခဲ့ရပြီး WBC အဖွဲ့ချုပ်အနေဖြင့် လီကက်သာနှင့် အင်ဂင်တန်တို့အား ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ပြီး မကျေပွဲထိုးသတ်သွားရန် ညွှန်ကြားလာသည့်အတွက် ရက်ပေါင်း ၃၀ အတွင်း သဘောတူညီချက် စာချုပ်အား WBC အဖွဲ့ချုပ်ထံသို့ တင်ပြသွားရမည်ဖြစ်သည်။

အက်ဂင်တန်က "ပထမအကြိမ်တုန်းက တော်တော်လေးကိုခက်ခဲခဲ့ပါတယ်။ ဆရာဝန်မှတ်ချက်ကြောင့် ဒိုင်ပွဲရပ်ရလဒ်နဲ့ ကျွန်တော်အနိုင်ရခဲ့တာပါ။ မကျေပွဲဟာ ကျွန်တော့်အတွက် ခက်ခဲလာနိုင်တယ်။ လီကက်သာကလည်း အကောင်းဆုံးပြင်ဆင်လာလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်ဘက်ကလည်း အကောင်းဆုံးပြင်ဆင်ထားဖို့ လိုအပ်လိမ့်မယ်။ ကျွန်တော်ကတော့ ပိုင်ဆိုင်ထားတဲ့ခါးပတ်ကို ကာလရှည်ထိန်းသိမ်းနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ချဲလ်ဆီးအမျိုးသမီးအသင်း စူပါလိဂ်ဖလား ခြောက်နှစ်ဆက်တိုက် ဆွတ်ခူးရရှိ

လန်ဒန် မေ ၁




အမျိုးသမီး စူပါလိဂ်ဖလား ပွဲစဉ် (၂၀) တွင် ချဲလ်ဆီးအသင်းက မန်ယူအသင်းကို အဝေးကွင်းမှ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ရမှတ်ဖြတ်တောက်နိုင်ခဲ့သဖြင့် စူပါလိဂ်ဖလား ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပွဲစဉ် မတိုင်မီက ချဲလ်ဆီးအမျိုးသမီးအသင်းသည် အမှတ်ပေးဇယားထိပ်တွင် ဒုတိယနေရာမှ အာဆင်နယ်အသင်းကို ရမှတ်ခြောက်မှတ် ဖြတ်တောက်နိုင်ခဲ့ကာ ယခုပွဲစဉ်တွင် မန်ယူအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ပြိုင်ဘက် အာဆင်နယ်အသင်းကလည်း အေဗီလာအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမပြီးဆုံးမီ နှစ်ပွဲအလိုတွင် ရမှတ်ကိုးမှတ်ဖြတ်တောက်၍ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီး ခြောက်ကြိမ်ဆက် ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

ချဲလ်ဆီး အမျိုးသမီးအသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီကစတင်ကာ စူပါလိဂ်ဆုဖလား ဆွတ်ခူးရရှိခဲ့သည့်အသင်းဖြစ်ပြီး ယခုနှစ်တွင်လည်း ဆုဖလား ထပ်မံရရှိခဲ့သောကြောင့် စူပါလိဂ်သမိုင်းတွင် ချန်ပီယံဆုခြောက်ကြိမ်ဆက် အများဆုံးရရှိလာသည့် အသင်းဖြစ်ခဲ့ပြီး စူပါလိဂ်သမိုင်းတွင် ဆုဖလားရှစ်ကြိမ်ထိ ရရှိခဲ့ကာ အအောင်မြင်ဆုံးအသင်းဖြစ်သကဲ့သို့ နည်းပြဘွန်ပက်စတော်အနေဖြင့်လည်း ချဲလ်ဆီးအသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် ဆုဖလားဆွတ်ခူးနိုင်သည့် နည်းပြတစ်ဦးဖြစ်လာခဲ့သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဆုဖလား သုံးလုံးရရှိရန် အခွင့်အရေးရှိခဲ့သော်လည်း ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ဖလားသုံးလုံးအိပ်မက် ပျက်ပြယ်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် ယခုအမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲရရှိခဲ့သဖြင့် ချန်ပီယံဆုဖလား ရရှိခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း မန်ယူအသင်းနှင့် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သောကြောင့် ဆုဖလားနှစ်လုံးရရှိနိုင်မည့် အခွင့်အရေးများနေကြောင်း သိရသည်။

Ref : Espn

Trs : ML

# မက်ဒရစ်အိုးပင်းဆီမီးဖိုင်နယ်အဆင့်သို့ ဆာဘာလင်ကာနှင့် စဝီယာတက်ခ်တို့ တက်ရောက်

မက်ဒရစ် မေ ၁

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့သည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကမ္ဘာ့အဆင့်(၂)တင်းနစ်မယ် စဝီယာတက်ခ်တို့ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ကွာတားဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ် ကော့ယူခ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၇-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ဆာဘာလင်ကာအနေဖြင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသလို အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲလည်းဖြစ်ခဲ့သည်။

ဆာဘာလင်ကာက "ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်နဲ့ပတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် တော်တော်လေးကိုခက်ခဲတဲ့ တိုက်ပွဲတစ်ခုပါပဲ။ တင်းနစ်အားကစားဆိုတာထက်ကိုပိုခဲ့တယ်။ တင်းနစ်အားကစား ပြိုင်ပွဲဆိုတာထက် ကိုယ့်ရဲ့ စိတ်ခံစားမှုကို ဘယ်လောက်အထိ ထိန်းချုပ်နိုင်သလဲဆိုတာပေါ်မှာ မူတည်တယ်။ စိတ်ခံစားမှုကို ထိန်းချုပ်နိုင်မှ ရလဒ်ကောင်းမယ့် အခြေအနေဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ပွဲစဉ်မျိုးကိုအနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

အခြားသော ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၀၊ ၃-၆၊ ၂-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်က အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆာဘာလင်ကာက ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## ချဲလ်ဆီးအသင်းက DAMAC ကုမ္ပဏီနှင့် ဘောလုံးရာသီကုန်ထိစပွန်ဆာစာချုပ်ချုပ်ဆို




**လန်ဒန် မေ ၁**

ချဲလ်ဆီးအသင်းသည် Three အားကစားကုမ္ပဏီနှင့် ရင်ဘတ်စပွန်ဆာစာချုပ် ဖျက်သိမ်းခဲ့ပြီးနောက် ယခုအခါ ဒူဘိုင်းအခြေစိုက် DAMAC ကုမ္ပဏီက ဘောလုံးရာသီကုန်ထိ စပွန်ဆာစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှု ရခဲ့သည်။

DAMAC ကုမ္ပဏီအနေဖြင့် ချဲလ်ဆီးအသင်း ပရီးမီးယား လက်ကျန်လေးပွဲအပါအဝင် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ၎င်း၏ ကုမ္ပဏီအမှတ်တံဆိပ်ပါသည့် အင်္ကျီကို ဝတ်ဆင်ကစားရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ဒီဂျာဂါးဒန်းအသင်းနှင့်ကစားရမည့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်တွင် စတင်ဝတ်ဆင်ကစားမည်ဖြစ်သကဲ့သို့ အမျိုးသမီးအသင်းအပါအဝင် လူငယ်အသင်းများတွင်လည်း အဆိုပါအမှတ်တံဆိပ်ပါအင်္ကျီကို ဝတ်ဆင်သွားမည်ဖြစ်သော်လည်း စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့သော် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၃ ရက်ထိ ဖီဖာကမ္ဘာ့ကလပ်ပြိုင်ပွဲ ကစားရမည့် ချဲလ်ဆီးအသင်းအနေဖြင့် အဆိုပါ ရင်ဘတ်စပွန်ဆာအမှတ်တံဆိပ်ကို ဝတ်ဆင်ကစားရန် အတိအကျထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ယခင်က Three ကုမ္ပဏီနှင့် စတာလင်ပေါင် သန်း ၁၂၀ တန်ဖိုးရှိ ရင်ဘတ်စပွန်ဆာစာချုပ် ချုပ်ဆိုခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၅၀ တွင် ရင်ဘတ်စပွန်ဆာ ပါဝင်ခြင်းမရှိသည့် အင်္ကျီကို ဝတ်ဆင်ကစားခဲ့ရပြီး လက်ရှိတွင် DAMAC ကုမ္ပဏီက အားကစားလောကတွင် ရင်းနှီးမြှုပ်နှံမှု စတင်ပြုလုပ်ရန် ချဲလ်ဆီးအသင်းနှင့် စပွန်ဆာစာချုပ်ချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အာရှယူ-၂၃ ခြေစစ်ပွဲအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိ

**ရန်ကုန် မေ ၁**

အာရှဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ အာရှ ယူ-၂၃ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့် ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံများကို ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

အာရှ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ အာရှ ယူ-၂၃ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၄၄ သင်းဖြင့် လေးသင်းပါ ၁၁ အုပ်စုဖြင့် ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုတွင် အိမ်ရှင်တစ်နိုင်ငံ လက်ခံကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည့် ၁၁ နိုင်ငံတွင် မြန်မာနိုင်ငံလည်း ပါဝင်လျက်ရှိသည်။

၂၀၂၆ အာရှ ယူ-၂၃ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အိမ်ရှင်အဖြစ် မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ကာတာနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာရရှိသည့် အသင်း ၁၁ သင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယနေရာရရှိသည့် အသင်းလေးသင်းမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး ခြေစစ်ပွဲအဆင့် ပွဲစဉ်များကို လာမည့်စက်တင်ဘာ ၁ ရက်မှ ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ အာရှ ယူ-၂၃ ပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## လီဗာပူးအသင်းက နွေရာသီအပြောင်းအရွှေ့ကာလတွင် နည်းပြဆလော့အတွက် ပြောင်းရွှေ့ကြေးအလုံအလောက် ထုတ်ပေးသွားမည်




**လန်ဒန် မေ ၁**

လီဗာပူးအသင်း တာဝန်ရှိသူများက လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် နည်းပြဆလော့ အလိုရှိသည့် ကစားသမားများကို ခေါ်ယူနိုင်ရန်အတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ်ကို အလုံအလောက် ထုတ်ပေးရန်အတွက် ပြင်ဆင်ထားကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ် ချန်ပီယံဆုကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့် နေရာများအတွက်ကစားသမားများခေါ်ယူရန် ပြောင်းရွှေ့ကြေးကို အလုံအလောက် ထုတ်ပေးရန် ပြင်ဆင်ထားခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အာနိုးလ်၊ ဒီယက်ဇ်၊ ဒါဝင်နူနက်စ်တို့အနေဖြင့် အသင်းမှ ထွက်ခွာဖွယ် ရှိသည့်အတွက် နည်းပြဆလော့က ၎င်းတို့နေရာတွင် ကစားသမားသစ်များနှင့် ခေါ်ယူ အစားထိုးသွားမည်ဖြစ်သည်။

လက်ရှိတွင် လီဗာပူးအသင်း နည်းပြဆလော့သည့် ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားမည့် တောင်ပံခံစစ်ကစားသမား အာနိုးလ်၏နေရာတွင် အစားထိုးရန်အတွက် ကာကက်ဇ်နှင့် ဒင်းဟတ်တို့မှ တစ်ဦးကို ခေါ်ယူရန်အတွက် ပြင်ဆင်နေပြီး အသင်းတိုက်စစ်ပိုင်း အတွက်လည်း ဖရန့်ဖတ်အသင်းနှင့် အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိသည့် အီကီတီကီကို ပစ်မှတ်ထားနေသကဲ့သို့ ကွင်းလယ်ကစားသမား တစ်ဦးကိုလည်း ရှာဖွေလျက်ရှိကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အသက်အငယ်ဆုံးသွင်းဂိုးရှင်အဖြစ် ရပ်တည်နေသည့် အမ်ဘက်ပီ၏စံချိန်ကို ယာမယ်ကျော်ဖြတ်



**ဘာစီလိုနာ မေ ၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပထမအကျော့ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် ယာမယ်သည် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် အမ်ဘက်ပီ၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ယာမယ်အနေဖြင့် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး အင်တာမီလန် အသင်းခံစစ်ကစားသမားများကို ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် အသင်းအတွက် အရေးပါသည့် ချေပဂိုး တစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယာမယ်မတိုင်မီက ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် အသက်အငယ်ဆုံး သွင်းဂိုးရှင်ဖြစ်သည့် ၂၀၁၇ ခုနှစ်က လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမား အမ်ဘက်ပီက အသက် ၁၈ နှစ် ရက် ၁၄၀ ဖြင့် စံချိန်တင်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ လမိုင်းယာမယ်က အသက် ၁၇ နှစ် ၂၉၁ ရက်ဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လမိုင်းယာမယ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်၊ (၁၆)သင်း ရှုံးထွက်အဆင့်၊ ကွာတားဖိုင်နယ်အဆင့်နှင့် ဆီမီးဖိုင်နယ်အဆင့်တို့တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

STA

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် Young Lionesses အသင်းက ရန်ကုန်ရှိုင်ရယ်အသင်းကို အနိုင်ရရှိ

**ရန်ကုန် မေ ၁**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် Young Lionesses အသင်းနှင့် ရန်ကုန်ရှိုင်ရယ်အသင်းတို့ ကစားခဲ့ရာ Young Lionesses အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် အင်ကြင်းခိုင်က Young Lionesses အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် စန်းစန်းထွေးက ရန်ကုန်ရှိုင်ရယ်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင်လည်း ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့သည့်အတွက် ပထမပိုင်းကထက် အကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၆၈ မိနစ်တွင် နွေးနွေးက Young Lionesses အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ ရန်ကုန်ရှိုင်ရယ်အသင်းအနေဖြင့် ချေပဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် Young Lionesses အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



STA

# သတိထားရမည့် မုတ်သုံရာသီအကြို မုန်တိုင်းများ

ကျွန်းသားငမန်း

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာအရပ်ရပ်တွင်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြုံတွေ့နေကြရသည်။ ထူးခြားသည့်မိုးလေဝသဖြစ်စဉ်များ၊ အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကိုတွေ့ကြုံနေကြရသည်။ ပူပြင်းခြောက်သွေ့သည့်ဒေသများတွင် အပူချိန်မြင့်တက်ခြင်း၊ ပိုမိုခြောက်သွေ့လာခြင်း မိုးခေါင်ခြင်း၊ မိုးများသည့်ဒေသများတွင် ပိုမိုစိုစွတ်လာခြင်း စသည့်ဖြစ်စဉ်များမှာ ကမ္ဘာဒေသအနှံ့အပြားတွင်ဖြစ်ပေါ်လျက်ရှိနေသည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ဆိုများသည် လူတို့၏လက်တစ်ကမ်းတွင်ရှိနေသည်။ ထိုအထဲတွင် သဘာဝဘေးအန္တရာယ်နှင့်လူတို့၏ပယောဂကြောင့် ဖြစ်ပေါ်သောဘေးအန္တရာယ်ဟူ၍ ခွဲခြားထားသည်။ မြေလျှောင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ ဆူနာမီလှိုင်းတိုက်ခတ်ခြင်း၊ ကပ်အသွင်ကူးစက်ရောဂါများဖြစ်ပွားခြင်းတို့မှာ သဘာဝဘေးအန္တရာယ်များဖြစ်ကြသည်။ မီးလောင်ကျွမ်းခြင်း၊ ယာဉ်များမတော်တဆဖြစ်ပွားခြင်း၊ အဆောက်အအုံများပြိုကျခြင်း၊ စစ်ပွဲများဖြစ်ပွားခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်း စသည်တို့မှာ လူကြောင့်ဖြစ်သောဘေးအန္တရာယ်များဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍အမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည်။ ၎င်းတို့မှာ ဘူမိဗေဒဆိုင်ရာများဖြစ်သည့် ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ ဆူနာမီလှိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဇလဗေဒဆိုင်ရာများဖြစ်သည့် နှင်းတောင်ပြိုခြင်း၊ ရေကြီးခြင်း၊ ရာသီဥတုဆိုင်ရာများဖြစ်သည့် မုန်တိုင်းများတိုက်ခတ်ခြင်း၊ ဒီရေမြင့်တက်ခြင်း၊ ဇီဝဗေဒဆိုင်ရာများဖြစ်သည့် ကူးစက်မြန်ရောဂါ၊ အင်းဆက်နှင့်တိရစ္ဆာန်ကြောင့်ဖြစ်သောရောဂါ စသည်ဖြင့် ဖြစ်ပွားပျက်စီးတတ်ပုံနယ်ပယ်အလိုက် ခွဲခြားသတ်မှတ်ကာ သတိထားစောင့်ကြည့်လျက်ရှိနေကြသည်။ လူကြောင့်ဖြစ်သောဘေးအန္တရာယ်များကို လူအများ၏ ဆင်ခြင်ဉာဏ်ဖြင့်ထိန်းချုပ်ရနိုင်သော်လည်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ထိန်းချုပ်၍မရနိုင်။ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်လျှင် လူနှင့် တိရစ္ဆာန်များ၏ အသက်အန္တရာယ်နှင့် အဆောက်အအုံပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှုမှ သက်သာစေရန်သာ ဆောင်ရွက်ကြရမည်။ မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးသဘာဝဘေးအန္တရာယ်မှာ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ကြသည်။

**မုတ်သုံရာသီအစ ဖြစ်ပေါ်တတ်သောမုန်တိုင်းများ**

၂၀၂၅ ခုနှစ်တွင် ဧပြီလမှစတင်ကာ မုန်တိုင်းသတိပေးချက်များထုတ်ပြန်ထားသည်ကိုခပ်စိပ်စိပ်တွေ့ရှိရသည်။ ဧပြီလနောက်ဆုံးပတ်မှ မေလပထမပတ်အတွင်း မိုးတိမ်တောင်များ၊ လေပွေလှိုင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်ကိုတွေ့ရသည်။ မေလသည် မုတ်သုံရာသီအကြိုကာလဖြစ်ပြီး မုန်တိုင်းရာသီအစလည်းဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများအကြောင်းကို ၁၇၃၇ ခုနှစ်ခန့်မှစ၍ မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။ နှစ်အလိုက် မုန်တိုင်းများနှင့်ပတ်သက်၍ စာရင်းများကိုမူ ၁၈၇၇ ခုနှစ်မှစ၍ပြုစုခဲ့သည်ဟု မှတ်သားရသည်။မှတ်တမ်းတင်စာရင်းများပြုစုခဲ့သည့် ၁၈၇၇ ခုနှစ်မှ ၁၉၉၄ ခုနှစ် နှစ်ပေါင်း ၁၁၈ နှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းပေါင်း အကြိမ် ၁၂၀၀ ဖြစ်ပေါ်ခဲ့ကြောင်း၊ တစ်နှစ်လျှင်မုန်တိုင်းပေါင်း ၁၀ ခုမှ ၁၂ ခုခန့်ထိဖြစ်ပေါ်တတ်ကြောင်းလည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကဆိုသည်။

ဘင်္ဂလားပင်လယ်အော်၌ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် သုံးလမှလွဲ၍ ကျန်လများတွင် မုန်တိုင်းများ ဖြစ်ပေါ်တိုက်ခတ်လေ့ရှိကြောင်း၊ အဆိုးဝါးဆုံး မုန်တိုင်းများဖြစ်ပေါ်လေ့ရှိသည့်ကာလမှာ မိုးဦးကာလ(ဧပြီလနှင့်မေလ)၊ မိုးနှောင်းကာလ (အောက်တိုဘာလနှင့်နိုဝင်ဘာလ)များတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံကမ်းရိုးတန်းသို့ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းများမှာ အထူးသဖြင့်မိုးကြိုကာလအတွင်းသာ အများဆုံးဝင်ရောက်တိုက်ခတ်လေ့ရှိသည်ကိုတွေ့ရသည်။ မုန်တိုင်းအများစုမှာ ရခိုင်ကမ်းရိုးတန်းဒေသကို ဖြတ်ကျော်ဝင်ရောက် တိုက်ခတ်လေ့ရှိပြီး မြန်မာနိုင်ငံကမ်းရိုးတန်းတွင် နှစ်စဉ်မုန်တိုင်းငယ် ၁၀ ခုခန့်ဖြစ်ပေါ်လေ့ရှိသော်လည်း မြန်မာနိုင်ငံကမ်းရိုးတန်းသို့ အားလုံးဝင်ရောက်တိုက်ခတ်လေ့မရှိကြကြောင်း မှတ်တမ်းများအရသိရသည်။

သို့ရာတွင်၂၀၀၄ ခုနှစ် နောက်ပိုင်းတွင် နှစ်စဉ်နီးပါးမုန်တိုင်းများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရ သည်။ ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ်များသည် မုန်တိုင်းများ ဆက်တိုက်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ရခိုင်ကမ်းရိုးတန်း တောင်ပိုင်းဒေသများသို့သာ ဝင်ရောက်တိုက်ခတ်ခဲ့သည်ကိုလေ့လာမှတ်သားရသည်။ မုန်တိုင်းများ ရခိုင်ကမ်းရိုးတန်းကိုဖြတ်ကျော်ဝင်ရောက်ခြင်းမရှိခဲ့သော်လည်း ရခိုင်ကမ်းရိုးတန်းအနီးမှဖြတ်ကျော်သွားပြီး အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်လေ့ရှိကြရာ၊ အဆိုပါမုန်တိုင်းများ၏ အဖျားခတ်ခြင်းခံရလေ့ရှိသည်။ အထူးသဖြင့်မုန်တိုင်းရာသီသည် မိုးဦးနှင့်မိုးနှောင်းကာလများတွင်ဖြစ်ပြီး မုန်တိုင်းများကြောင့်မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ရေစီးကြောင့်ကမ်းပါးပြိုခြင်းများဖြစ်တတ်သည်။ ပင်လယ်ကမ်းခြေတွင် နေထိုင်သူများမှာလည်း ပင်လယ်လှိုင်းရိုက်ခတ်မှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဘေးအန္တရာယ်များကို ကြုံတွေ့ရတတ်သည်။

မုန်တိုင်းများတိုက်ခတ်ရာတွင် မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းနှင့် မုန်တိုင်းဗဟိုကျရာအရပ်များ၌သာအပျက်အစီးနှင့် ဆုံးရှုံးမှုပမာဏကြီးမားတတ်သည့်သဘောရှိသည်။ ၎င်းမှာ မုန်တိုင်းပမာဏ အလယ်အလတ်ရှိသည့် မုန်တိုင်းများဖြစ်သည်။ အရွယ်အစားကြီးမားသည့်မုန်တိုင်းများကား ထိုသို့မဟုတ်။ မုန်တိုင်းအတွင်း လေတိုက်ခတ်မှုမြင့်မားသည့်အပြင် မုန်တိုင်း၏အဖျားခတ်ရာဒေသများ၌လည်း အပျက်အစီးများကိုဖြစ်ပေါ်စေသည်။ ၂၀၀၈ ခုနှစ်တွင်တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် တစ်နာရီလျှင် ၁၀ မိုင်ခန့်ရှိပြီး မုန်တိုင်းဖြတ်သန်းရာဒေသများသာမက အဖျားခတ်ရာဒေသများ၌အပျက်အစီးနှင့်အဆုံးအရှုံးများကိုဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းရွေ့လျားမှုနှုန်းမှာလည်း နှေးကွေးသော်လည်း မုန်တိုင်းဒဏ်ကို အချိန်ကြာမြင့်စွာကြုံတွေ့ခံစားခဲ့ရသည်။ မုန်တိုင်းသည် ၎င်းကျရာဒေသများကို တိုက်ခတ်သွားခဲ့ခြင်းဖြစ်သည်။ နာဂစ်မုန်တိုင်းကြီးကြောင့် အဆောက်အအုံအများအပြားပျက်စီးခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ထိခိုက်ခဲ့ရသည်။ လျှပ်စစ်မီးများပြတ်တောက်သွားခြင်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးများလည်း ပြတ်တောက်ခဲ့ရသည်။ လူအသေအပျောက်အများဆုံးလည်းဖြစ်ခဲ့သည်။ နာဂစ်မုန်တိုင်းမှာ မြန်မာနိုင်ငံသမိုင်းတွင် ပျက်စီးမှုနှင့်ဆုံးရှုံးမှုများပြားသော မုန်တိုင်းတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နာဂစ်မုန်တိုင်းသည် မြန်မာပြည်သူများထိခိုက်နာကျင်မှုများစွာကိုပေးခဲ့သည်။ ထိုထိခိုက်နာကျင်မှုများထဲမှသတိထားစရာ သင်ခန်းစာများကိုလည်း ရရှိခဲ့သည်။ မုန်တိုင်းဒဏ်ကို နှစ်စဉ်နီးပါးမျှ တွေ့ကြုံတွေ့ခံစားရသည့် ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများအနေဖြင့် မုန်တိုင်းသတိနှင့် မုန်တိုင်းအသိရှိကြရန် နာဂစ်မုန်တိုင်းကသင်ခန်းစာပေးခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၂၃ ခုနှစ် မေလ မိုခါမုန်တိုင်းမှလည်း မုန်တိုင်းသင်ခန်းစာများကို ရရှိခဲ့သည်။

**❖မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်အရ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သောမုန်တိုင်းများသည် မြန်မာနိုင်ငံကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခြင်းမရှိဟုဆိုသော်လည်း မုန်တိုင်းအရှိန်နှင့် မုန်တိုင်းအဖျားခတ်ခြင်းကို ခံရတတ်သည်။ အခြားတစ်ဖက်တွင်လည်း တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်တတ်သည့်မုန်တိုင်းများ၏ အကြွင်းအကျန်လေပွေလှိုင်းများသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများကို ဝင်ရောက်လာတတ်ရာ ထိုလေပွေလှိုင်းများကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်းကိုကြုံတွေ့ရနိုင်သည်။ ❖**

**မုန်တိုင်းများကပေးသောသင်ခန်းစာ**

၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ အနောက်မြောက်ဘက်မှဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းမှာ ပြင်းအားအကြီးဆုံး မုန်တိုင်းတစ်ခုဖြစ်ခဲ့သည်။ ဤမုန်တိုင်းကို မုန်တိုင်းအစပျိုးချိန်မှစတင်၍ ၁၀ ရက် ၁၅ ရက်ခန့်ကပင် ကြိုတင်ခန့်မှန်းထားခဲ့ကြပြီး ပြင်းအားကြီးမုန်တိုင်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့သတင်းဌာနများကပင် သတိပေးခဲ့ကြသည်။ အဆိုပါသတိပေးမှုကြောင့် ကြိုတင်ပြင်ဆင်သင့်သည်များကိုပြင်ဆင်နိုင်ခဲ့သောကြောင့် လူအသေအပျောက်နည်းခဲ့ပြီး သေဆုံးသူအများစုမှာလည်း သက်ဆိုင်ရာမှသတိပေးချက်ကို မလိုက်နာသူများသာဖြစ်ကြောင်း သိရသည်။

**သတိရှိရန်လို**

မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်အရ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများသည် မြန်မာနိုင်ငံကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခြင်းမရှိဟုဆိုသော်လည်း မုန်တိုင်းအရှိန်နှင့်မုန်တိုင်းအဖျားခတ်ခြင်းကို ခံရတတ်သည်။ အခြားတစ်ဖက်တွင်လည်း တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်တတ်သည့်မုန်တိုင်းများ၏ အကြွင်းအကျန်လေပွေလှိုင်းများသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများကို ဝင်ရောက်လာတတ်ရာ ထိုလေပွေလှိုင်းများကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်းကို ကြုံတွေ့ရနိုင်သည်။

သို့ဖြစ်ရာ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်တတ်သည့်မုန်တိုင်းသတင်းများကိုသာမက တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများသတင်းကိုလည်း အလေးထားကြရမည်။ ထို့ကြောင့် မုန်တိုင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအပြင် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာတတ်သည့် ဘေးအန္တရာယ်များကိုလည်း သတိထားကြရမည်။ သတင်းများကို နားစွင့်နေထိုင်ပြီး ကမ်းခြေဒေသများတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံတွေဆောက်လုပ်ကာ မုန်တိုင်းသတင်းကို နားစွင့်ပြီးကြိုတင်ရှောင်တိမ်းနေရန် လိုအပ်ကြမည်။ ထို့ပြင် ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဆားငန်ရေတားတာတမံများ မကျိုးမပျက်ရေးကိုလည်း အလေးထားရန်လိုအပ်ကြမည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးများတွင် ကြိုတင်ပြင်ဆင်ရင်ဆိုင်နိုင်သည့်မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်သည့် တောင်ပြို၊ မြေပြိုခြင်းများကိုသတိထားကြရမည်ဖြစ်သည်။ မုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်များဖြစ်လာလျှင် အသေအပျောက်၊ အပျက်အစီး၊ ဆုံးရှုံးမှုနည်းပါးအောင် မိုးလေဝသသတင်းများကိုနားထောင်ပြီး ကြိုတင်ပြင်ဆင်သင့်သည်များကို ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

**- မြန်မာ့ခနစီးပွားရေးမဂ္ဂဇင်းများ။**

**- မိုခါမှတ်တမ်း (ရခိုင်စာရေးဆရာများ)။**

# အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဆရာ့ဆရာကြီးရုပ်ရှင်ဇာတ်ကားကို မေလဆန်းတွင် ရုံတင်ပြသမည်



**ရန်ကုန် မေ ၁**

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဆရာ့ဆရာကြီး ရုပ်ရှင်ဇာတ်ကားကို မေလဆန်းတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဆရာ့ဆရာကြီး ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထူးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ဆရာ့ဆရာကြီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်ကရေးသားထားပြီး သက်ဦးမောင်နှင့် လူညီချောက ဇာတ်ညွှန်းရေးထားကာ အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ပြင်ပလောကမှာ မြင်ရတတ်တဲ့ ပြောလိုက်ရင်တော့ ဆရာ့ဆရာကြီး လုပ်လိုက်ရင်တော့ တလွဲတွေဆိုတာမျိုးကို ဒီဇာတ်ကားမှာ ပုံဖော်ထားပါတယ်။ မပြုံးဘဲ ဝလုံးကွဲရယ်ရမဲ့ အချစ်ဟာသဇာတ်မြူးဇာတ်ကားလေးပါ။ လာရောက်ကြည့်ရှုအားပေးကြပါအုံး" ဟု သရုပ်ဆောင်ထူးအောင်က ပြောပြသည်။

အဆိုပါ ဆရာ့ဆရာကြီးရုပ်ရှင်ဇာတ်ကားတွင် ထူးအောင်၊ တိုင်ရွှန်း၊ ကျော်ရဲအောင်၊ ရဲအောင်၊ မိုးဒီ၊ ခင်လှိုင်၊ စိုးမြတ်သူဇာ၊ ခြူးလေး၊ နော်ဖောအယ်ထား စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်းလည်း သိရသည်။ **ASH**

# နာရီ ဇာတ်လမ်းတွဲကို bebee Tv Application မှ မေလ ပထမပတ်အတွင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်

**ရန်ကုန် မေ ၁**

မီးမီးမွှေး ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် နာရီဇာတ်လမ်းတွဲကို bebee Tv Application မှ မေလ ပထမပတ်အတွင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ နာရီဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာသားညီက ပြောပြ၍ သိရသည်။

အဆိုပါ နာရီဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဦးတင်ငြိမ်း(ရှုမဝ)ကရေးသားထားကာ ညီစေမင်း(ထားဝယ်)နှင့် ဆူးခက်မင်းတို့က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာသားညီနှင့် လက်ထောက်ဒါရိုက်တာ ဝင်းမြင့်ဦးတို့က မီးမီးမွှေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ပုံမှန်လူတစ်ယောက်နဲ့ မတူဘဲ စကားပြောရင်လဲထူးထူးဆန်းဆန်းတွေ ပြောတတ်တဲ့၊ ဝမ်းနည်းရတဲ့အခါတိုင်း ပြုံးတတ်ပြီး နာကျင်ခံစားရတဲ့အခါတိုင်း ရယ်မောတတ်တဲ့ နာရီဆိုတဲ့ ကောင်ကလေး တစ်ယောက်နဲ့ ရွာမှာပညာအလင်းပေးဖို့ တာဝန်ကျတဲ့ ဆရာမလေးတို့ချစ်မိသွားတဲ့အခါ ဘယ်လိုအဖြစ်အပျက်တွေ ဖြစ်လာမလဲဆိုတာကိုတော့ နာရီဇာတ်လမ်းတွဲမှာ စောင့်ကြည့်ပေးကြပါအုံး"ဟု ဒါရိုက်တာသားညီက ပြောပြသည်။




နာရီ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဒိုပေါက်၊ လင်းသစ်အောင်၊ ကေညီ၊ ဆူးခက်မင်း၊ မောင်ကင်း၊ ပီယ၊ ဆောင်းဝတ်ရည်မေ၊ အနှစ် ဧည့်သည်သရုပ်ဆောင် သားညီ၊ ဖူးစုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ **ASH**

# သဲကုန်းမြို့နယ် ကိုယ်ကြီးမြုပ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သဲကုန်း မေ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကိုယ်ကြီးမြုပ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ကိုယ်ကြီးမြုပ်ကျေးရွာ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ်ကြီးမြုပ်ကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် ပေ ၅၇၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁ ဒသမ ၈၇ သန်းဖြင့် ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အေးမြတ်**

# The Mark လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီးဂျက်ဆီကာအယ်ဘာ ပါဝင်မည်

**နယူးယောက် မေ ၁**

The Mark အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ဂျက်ဆီကာအယ်ဘာ ပါဝင်မည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျပ်စတင်ချက်ဝစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ရွှန်နီခရစ္စတန်ဆင်က ဝတ္ထုဇာတ်ညွှန်းရေးသားပေးထားကြောင်း သိရသည်။

The Mark ဇာတ်ကားတွင် မင်းသမီး ဂျက်ဆီကာအယ်ဘာသည် အေဒင်အမည်ရှိ အမျိုးသမီးသူလျှိုတစ်ဦးအဖြစ် သရုပ်ရမည်ဖြစ်သည်။

The Mark ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ဩစတြေးလျနိုင်ငံ၌ ယခုနှစ် ဇူလိုင်လအတွင်း စတင်မည်ဖြစ်သည်။

The Mark ဇာတ်ကား၌ မင်းသမီး ဂျက်ဆီကာအယ်ဘာနှင့် တွဲဖက်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် The Mark ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# A 24 ၏ The Riders ဇာတ်ကား၌ မင်းသား ဘရက်ပစ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၁**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ The Riders ဇာတ်ကား၌ မင်းသား ဘရက်ပစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

The Riders ဇာတ်ကားကို ဒါရိုက်တာ အက်ဒွပ်ဘာဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Riders ဇာတ်ကားကို စာရေးဆရာ တင်ဝင်တန်၏အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ပျောက်ဆုံးနေသော ဇနီးနှင့်မိခင်ဖြစ်သူတို့ကို ဥရောပတစ်ဝန်း လိုက်လံရှာဖွေခဲ့သော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Riders ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကာဂန်နစ်က ရေးသားမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ဥရောပတစ်ဝန်း၌ ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် စတင်ရိုက်ကူးရန် A 24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် The Riders ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Monywa District plants over 2,100 acres of summer sesame



A summer sesame plantation.

**Monywa May 1**

A total of 2,107 acres of sesame have been planted in Monywa District, Sagaing Region during the summer crops planting season, according to the Department of Agriculture for Monywa District.

Monywa District has planned to plant 6,427 acres of summer sesame this year, and planting has begun since February this year. To date, 2,107 acres have been planted, 160 acres in Monywa Township and 1,947 acres in ChaungU Township.

"We are working to achieve the target. We are also working to expand the sesame planting area, to improve yields, and to grow with GAP techniques," said Daw San San Myint, head of the Department of Agriculture for Monywa District.

In the 2024-2025 summer crops planting season, the allocation of the cultivation of sesame in Monywa District is as per following: 480 acres in Monywa Township, 2,739 acres in Budalin Township, 3,200 acres in Ayadaw Township, and 8 acres in ChaungU Township.

This year, the relevant Township Department of Agriculture is educating farmers in Monywa District on how to expand sesame cultivation, to plant using GAP methods, to plant good varieties, and high-yielding varieties.

206

# All sown acreage of sweet corns harvested in Tamu District

**Tamu May 1**

According to the statistics of Tamu District Agriculture Department, local farmers have reaped all plantations of sweet corns in Tamu District of Sagaing Region.

They could grow 1,256 acres of sweet corns in the cold season. Starting from February this year, they harvested the crops. So far, they have harvested all sown acreage of crops, yielding more than 21,000 cobs of sweet corns.

U Hla Myint, Head of Tamu District Agriculture Department, disclosed: "Local farmers planted 1,256 acres of sweet corns in Tamu District. Now, they have reaped all plantations of crops. They could expand sown acreage of crops. Our department raised farmer awareness of growing sweet crops to have success and prevent pests in the plantations."

In the district, farmers from Myothit Township harvested 280 acres of sweet corns, Tamu Township 379 acres and Khampak 597 acres, totalling 1,256.

Officials of relevant Agriculture Departments conducted training courses for local farmers and agricultural staff to enhance their capacity for successfully growing sweet corns, prevention of FAW, and make natural fertilizers and pesticides.

Farmers spent more than K500,000 per acre of growing sweet crops and produce some 15,000 cobs of sweet corps.

206



Newly harvested corns.

# Larger volume of 75-day paddy strain sent to Yangon from Mawlamyinegyun Township

**Mawlamyinegyun May 1**

Local businesspersons from Mawlamyinegyun Township of Ayeyawady Region could ship larger volume of 75-day paddy strain to Yangon market within two and a half months, said Daw Yi Yi, the rice and paddy trader in Mawlamyinegyun Township.

They sent 72,000 baskets of 75-day paddy variety to Yangon market in February and 85,000 baskets in March.

In the past month, over 85,000 baskets of 75-day paddy variety have been sold in the Yangon market. The majority of rice, paddy, and other agricultural products sent to the Yangon market come from Mawlamyinegyun Township. The 75-day paddy strain is considered a premium paddy variety. Due to high demand from buyers in Yangon, the volume of shipments has increased.

Currently, paddy prices are still rising. There are ongoing negotiations and arrangements for large purchases of this paddy variety in Yangon this month as well. Compared to other paddy types, the 75-day paddy variety has seen higher trading volumes both in the past month and at present," said Daw Yi Yi.

In the past month alone, the 75-day paddy variety exported from Mawlamyinegyun Township to the Yangon market has been priced as high as K1.55 million per 100 baskets. The strong sales of this paddy variety have provided job opportunities for farmers, traders, transport laborers, and truck rental operators.

Kyaw Kyaw Lin

# Defeating Hamas more important than freeing hostages: Israeli PM

**Jerusalem May 1**

Israeli Prime Minister Benjamin Netanyahu said here Thursday that defeating Hamas is Israel's main goal and takes precedence over securing the release of the hostages still held in Gaza.

"We have many goals in this war. We want to bring back all our hostages ... It is a very important goal ... But the war has a supreme objective, and this supreme objective is victory over our enemies," Netanyahu made the remarks during a speech as the country is marking its 77th Independence Day.

The remarks marked a shift from Netanyahu's previous statements, in which he described the return of the 59 hostages still held in Gaza as equally important as defeating Hamas. They also came amid a stalemate in mediated talks over a potential ceasefire deal, and as weekly protests continue in Israel to demand an end to the war to secure the hostages' release, while Netanyahu's far-right coalition partners insist the war must continue.

The Hostages and Missing Families Forum, a group representing most of the hostages' families, issued a statement saying Netanyahu is "aligning" with his far-right ally and pro-settler leader Bezalel Smotrich, who has repeatedly declared that releasing the hostages "is not the most important goal" and has urged Netanyahu to reoccupy Gaza and hold it indefinitely.

Xinhua

# World Insights: Trump adminstration's 1st 100 days: Major policy shifts, legal battles and controversies

**Washington May 1**

The first 100 days of U.S. President Donald Trump's second term have seen major shifts and hasty execution of polices, prompting numerous legal battles and controversies among the U.S. public.

While the administration has touted "endless wins," critics said some of Trump's moves are too rapid and extreme, which could negatively impact the U.S. economy and society. Some even expressed concerns about the weakening of the system and a constitutional crisis.

In its first 100 days, the Trump administration has delivered daily surprises and shocks to both the United States and the world -- signing a massive number of executive orders, significantly downsizing federal agencies and employees, forcefully deporting immigrants, wielding the tariff stick against the world, continuing to withdraw from international groups and break agreements, and even threatening territorial expansion.

"No president in modern times has moved more swiftly than Trump to remake so many parts of government, as well as some outside institutions," The Washington Post reported.

Xinhua




Protesters gather during a rally outside the White House in Washington, D.C., the United States, April 19, 2025.

# Kanbalu Township harvests over 90,000 acres of winter peanuts


Newly harvested winter peanuts.

**Kanbalu May 1**

A total of 97,968 acres of peanuts planted during the winter crops planting season have been harvested in Kanbalu Township, Kanbalu District, Sagaing Region, according to the statistics of the Department of Agriculture for Kanbalu Township.

The peanut fields that were planted have been harvested since January this year. Up to now, 97,968 acres have been harvested, with an output of 62.37 baskets per acre.

"All of the planted peanuts have now been harvested. The yield is good. We have planted more than the target area of peanuts. Oilseed crops are also successful. Peanut cultivation has been improving year by year. Most people plant peanuts in the winter rather than the rainy season," said U Myo Zaw, head of the Department of Agriculture for Kanbalu Township.

In Kanbalu Township, one and a half baskets of peanut seeds are planted per acre, and the cost of planting peanuts is more than 200,000 kyats, including the costs of seed, labour, fertilizer, and pesticides. The yield per acre is more than 50 baskets.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlamyinegyun Township supplies large amounts of spiny eels to Yangon market in March

**Mawlamyinegyun May 1**

Local fishermen and businesspersons from Mawlamyinegyun Township of Ayeyawady Region sent a large volume of spiny eels to Yangon market in March, said Daw Aye Aye Khaing, a businessperson engaging in fishery products in Mawlamyinegyun Township.

Local businesspersons are engaging in systematic processing the fish and sell them to Yangon market. They sent 55,000 viss of spiny eel to Yangon market in February but 75,000 viss in March.

Daw Aye Aye Khaing remarked: "We sell spiny eels and fishery products to Yangon monthly. Due to high demand from Yangon market, we shipped 75,000 viss of spiny eel in March alone. Thanks to high demand from Yangon for purchase of dried fish and marine products, local businesspersons and fishermen including those in production chains are convenient in their livelihoods."

Spiny eel sold by Mawlamyinegyun Township to Yangon market fetches K19,500 per viss. So, local fishermen and people in production chains can earn increased incomes for their families.

Kyaw Kyaw Lin


Photo shows dried spiny eels.

# More than 40,000 acres of sunflower reaped in Kalay Township

**Kalay May 1**

Local farmers have harvested a total of 48,467 acres of sunflower planted last cold season in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.

In Kalay Township, a total of 48,467 acres of sunflowers were cultivated during the winter cropping season. Harvesting of these sunflower fields began in January of this year and continued until today, with 100 per cent of the fields now fully harvested. It is reported that the yield was 28.54 baskets per acre.

U Naing Htun Win, Head of the Kalay Township Department of Agriculture, stated, "During the winter cropping season in Kalay Township, sunflowers were cultivated on 48,467 acres. At present, all of these cultivated fields have been fully harvested. To reduce dependence on imported palm oil, sunflower—an oil crop—is being increasingly promoted. Among the oil crops, sunflower produces more oil per acre than others like peanuts and sesame. It is grown only in the winter season."

To support the expansion of sunflower cultivation in Kalay Township, the Township Department of Agriculture has actively conducted training sessions to raise awareness and build capacity among staff and farmers. These efforts aim to improve skills and knowledge related to sunflower farming.

Moreover, in Kalay Township, measures have been taken to support sunflower farmers by providing quality seeds, selling fertilizers (like urea) at affordable prices, and distributing improved sunflower varieties through farmer-to-farmer seed exchange systems. 206

# Businesspersons ship 75,000 viss of soft-shell crabs to Yangon market in March

**Pyapon May 1**

With regard to soft-shell crab trading, Daw Thu Thu Win, a seafood wholesaler in Pyapon Township, Ayeyawady Region, stated that up to 75,000 viss of soft-shell crabs were sold to the Yangon market during the month of February.

She mentioned that only 52,000 viss of soft-shell crabs were sold from Pyapon Township to the Yangon market in February of this year, but they managed to sell up to 75,000 viss within a single month of March.

She said: "Yangon market has been buying more soft-shell crabs than before. Compared to the previous month, we sold up to 75,000 viss of soft-shell crabs. The Yangon market is currently seeing a stable demand for soft-shell crabs. The crabs from this area are mainly being exported and sold to the Yangon market."

The soft-shell crabs exported and sold from Pyapon Township were priced between K17,500 to K35,000 per viss. As these sales are ongoing regularly, fishermen, individual traders, market operators, merchants, and freight vehicle service providers are all reportedly doing well and benefiting from this trade.

Kyaw Kyaw Lin


Soft-shell crabs.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲစစ်ဘက်က BAHA စောင့်ကြည့်ရေးကင်းထောက်ဒရုန်းကို တပ်ပိုင်စာရင်းသွင်းနိုင်ခဲ့



တူကီယဲစစ်ဘက်သည် လိုအပ်သော စမ်းသပ်စစ်ဆေးခြင်းများနှင့် စက်ပစ္စည်း အသစ် လွှဲပြောင်းလက်ခံရေး လုပ်ထုံး လုပ်နည်းများအတိုင်း အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးနောက် BAHA စောင့်ကြည့်ရေး ကင်းထောက်ဒရုန်းကို တရားဝင် တပ်ပိုင် စာရင်းသွင်းနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာန က ဧပြီ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒေါင်လိုက် အတက်အဆင်း (VTOL) ပျံသန်းနိုင်သော ဒရုန်းအမျိုးအစားဖြစ်သည့် BAHA ကင်းထောက်ဒရုန်းကို ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်မစ်ရှင်များအတွက် တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Havelsan မှ တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကို ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် အာဖရိက၊ ဗဟိုအာရှနှင့် MENA (အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက) ဒေသများသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး လည်းဖြစ်သည်။

တူကီယဲနိုင်ငံသည် နိုင်ငံတွင်း၊ နိုင်ငံတကာ ပါဝါနှင့် ဩဇာလွှမ်းမိုးမှုကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့်ပြည်တွင်း ကာကွယ်ရေးစက်မှုလုပ်ငန်း ထုတ်ကုန်များနှင့်အတူ တူကီယဲစစ်ဘက်၏ စွမ်းဆောင်ရည်များသည် တစ်နေ့ထက် တစ်နေ့ တိုးတက်မြင့်မားလာခဲ့သည်။ ဤအခြေအနေတွင် မြေပြင်တပ်ဖွဲ့ကွပ်ကဲမှုမှ ဝယ်ယူထားသော Sub-Cloud UAV ဟု အမည်ပေးထားသည့် BAHA ကင်းထောက်ဒရုန်းအတွက် စမ်းသပ်စစ်ဆေးခြင်းနှင့် လက်ခံခြင်းလုပ်ငန်းစဉ်များ အောင်မြင်စွာပြီးမြောက်ခဲ့ပြီး တပ်ပိုင်စာရင်းတွင် ထည့်သွင်းထားနိုင်ခဲ့ပြီဖြစ်ကြောင်း တူကီယဲနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ZekiAkturk က ပြောကြားခဲ့သည်။

အဆိုပါ BAHA ကင်းထောက်ဒရုန်းသည် အလေးချိန် ၂၆ ကီလိုဂရမ်ရှိပြီး တောင်ပံအလျား လေးမီတာနှင့် Payload အလေးချိန် နှစ်ကီလိုဂရမ်ထိ သယ်ဆောင်နိုင်စွမ်းရှိသည်။ BAHA သည် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အလျင်နှုန်းဖြင့် ပျံသန်းနိုင်ပြီးအမြင့်ပေ ၁၀၀၀၀ ထိပျံသန်းစစ်ဆင်နိုင်သည်။ ၎င်းသည် အကွာအဝေး ကီလိုမီတာ ၅၀ အတွင်းdata link မှတစ်ဆင့် ဆက်သွယ်နိုင်ပြီး အပူချိန် အနုတ် ၁၀ ဒီဂရီစင်တီဂရိတ် မှ ၅၀ ဒီဂရီစင်တီဂရိတ်တွင် လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

လျှပ်စစ်မော်တာ ဖြင့် မောင်းနှင်ထားသည့် အဆိုပါ ကင်းထောက်ဒရုန်းသည် လေထဲတွင် နှစ်နာရီကြာ၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၆ ကီလိုမီတာအတွင်း ပျံသန်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် အီလက်ထရွန်နစ်စစ်ပွဲ ပတ်ဝန်းကျင်တွင် လည်ပတ်နိုင်ပြီး ညအချိန်စစ်ဆင်ရေးများ လုပ်ဆောင်နိုင်သည်။ Data လင့်ခ်ဖြင့် ချိတ်ဆက်မှုမရရှိတော့သည့်အခါမျိုးတွင်လည်း ဆုံးရှုံးသည့်အခါတွင် ဒရုန်းအား အလိုအလျောက် ပြန်လည်ဆယ်တင်နိုင်စွမ်းရှိသည်။

BAHA ကင်းထောက်ဒရုန်းသည် အခြားမောင်းသူမဲ့ လေယာဉ် စနစ်များနှင့် ပူးတွဲလုပ်ဆောင်နိုင်စွမ်းရှိပြီး လုပ်ဆောင်မှုအမျိုးအစားအလိုက် အာရုံခံကိရိယာ အမျိုးမျိုးဖြင့် ပေါင်းစည်းအသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

Turkish Military Inducts BAHA Surveillance Drone ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန် Epirus ကုမ္ပဏီက မိုက်ခရိုဝေ့ဖ်လက်နက်စနစ်ကို အကဲဖြတ်ဆန်းစစ်ရန် ရေကြောင်းစစ်ဆင်ရေးတပ်မဉ္ဇျပ်သို့ ပေးပို့ခဲ့

အမေရိကန် Epirus ကုမ္ပဏီသည် အမေရိကန်မရိန်းတပ်ဖွဲ့မှ အကဲဖြတ်ဆန်းစစ်ရန်အတွက် Expeditionary Directed Energy Counter-Swarm (ExDECS) မိုက်ခရိုဝေ့ဖ်စနစ်ကို ရေတပ် ရေကြောင်းစစ်ဆင်ရေးတပ်မဉ္ဇျပ်(Naval Surface Warfare Center Dahlgren Division)သို့ ပေးပို့ခဲ့ကြောင်း ဧပြီ ၂၉ ရက်တွင် ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။


ဒရုန်းအုပ်များကို တန်ပြန်တိုက်ဖျက်ရန် တီထွင်ထုတ်လုပ်ထားသော အဆိုပါ ExDECSစနစ်သည် စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ် (HPM) တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်ဖြစ်ပြီး Leonidas Expeditionary စနစ်မှ ပေါက်ဖွားလာခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါစနစ်ကို အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စက်ရုံထုတ်ပစ္စည်းလက်ခံမှုဆိုင်ရာ စမ်းသပ်ခြင်းနှင့် နောက်ဆက်တွဲ အစိုးရလက်ခံမှု စမ်းသပ်ခြင်းတို့ကို တရားဝင်အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးနောက် လွှဲပြောင်းပေးအပ်ခြင်းလည်းဖြစ်သည်။ ၎င်းကို အမေရိကန် ရေတပ်သုတေသနရုံး(ONR)က စာချုပ်ချုပ်ဆို၍ တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် မြေပြင်အခြေစိုက် Anti-Swarm UAS System (PEGASUS) ပရိုဂရမ်၏ ပဏာမ အကဲဖြတ်မှုမှတစ်ဆင့် အဝို ထပ်ဆောင်း စမ်းသပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့အတွက် ရန်ပုံငွေပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

Expeditionary Directed Energy Counter-Swarm (ExDECS) စနစ်သည် အမေရိကန် မရိန်းတပ်ဖွဲ့၏ အနိမ့်ပျံ လေကြောင်းရန်ကာကွယ်ရေးစနစ်(Low Altitude Air Defense-LAAD) မစ်ရှင်နှင့် မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးစနစ် (Ground Based Air Defense -GBAD) စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုများအတွက်ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်သည်။စနစ်သည် အပျော်စီးနည်းဗျူဟာ မြောက်ယာဉ်များ၊ နောက်တွဲယာဉ်များနှင့် အခြားမိုဘိုင်းပလက်ဖောင်းများနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

၎င်းသည် Gallium Nitride (GaN) အခြေပြု ဆော့ဖ်ဝဲလ်ထည့်သွင်းရေးသား ထားသော၊ long-pulse HPM နည်းပညာ၊ ရွေ့လျားစစ်ကစားနိုင်မှု၊ အဆင့်မြှင့်တင်နိုင်မှုနှင့် စူးစမ်းလေ့လာမှုအခြေအနေများ တွင် လုပ်ဆောင်နိုင်စေရန် အလေးပေး တီထွင်ထားခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် Epirus ကုမ္ပဏီမှ မိတ်ဆက်ခဲ့သော Leonidas Expeditionary စနစ်သည် Leonidas Pod၊ Leonidas IFPC-HPM (ပုံသေ သို့မဟုတ် ရွှေ့ပြောင်းနိုင်သော မျိုးကွဲ) နှင့် Leonidas Maneuver SHORAD တာတိုပစ် လေကြောင်းရန်စနစ်များ ပါဝင်သည့် တီထွင်ထုတ်လုပ်မှုဖြစ်သည်။

ExDECS စနစ်သည် အမေရိကန် တပ်မတော်အတွက် Epirus ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော စတုတ္ထ မြောက်စနစ်ဖြစ်ပြီး အကွာအဝေးစွမ်းရည် ပိုင်းတွင် အဆင့်မြှင့်တင်ထားကာ အကွာအဝေး ၁၀ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိမည့်မိုက်ခရိုဝေ့ဖ်(HPM)စနစ် အပါအဝင် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအားထုတ်လာခြင်းပင်ဖြစ်ကြောင်း သိရသည်။



Epirus ကုမ္ပဏီ၏ CEO ဖြစ်သူ Andy Lowery က ExDECSကဲ့သို့သော မိုက်ခရိုဝေ့ဖ်စနစ်များသည် ဒရုန်းများစွာ၏ အီလက်ထရွန်နစ်ပစ္စည်းများကို တစ်ပြိုင်နက် အနှောင့်အယှက်ပေးနိုင်ခြင်းဖြင့် တစ်ခုမှအများသို့ တိုက်စွမ်းရည်ကိုပိုင်ဆိုင်ထားနိုင်စေသည်ဟု ပြောကြားခဲ့သည်။ Inside Defense သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် Lowery က Phalanx Close-In Weapon System အနီးကပ် ကာကွယ်ရေးစနစ်၏ လျှပ်စစ်သံလိုက်လှိုင်းထုတ်လွှတ်တိုက်ခိုက်နိုင်သည့် ဗားရှင်းနှင့်နှိုင်းယှဉ်ပြီး ဒရုန်းများကိုရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက် ဖျက်ဆီးပစ်စေမည့်အစား ExDECS စနစ်သည် ပြင်းထန်သော လျှပ်စစ်သံလိုက်လှိုင်း ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် ၎င်းတို့၏ဆားကစ်များကို ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်ဟု အလေးပေး ပြောကြားခဲ့သည်။ ဤအယူအဆသည် အရွေ့စွမ်းအင်သုံး တိုက်ခိုက်မှုမျိုး မဟုတ်ဘဲ ဒရုန်းအချင်းချင်းဆက်သွယ်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

US Marines ready to fry enemy drone swarms with new Epirus ExDECS microwave weapon system.ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# စစ်ကိုင်းခရိုင်တွင် ထောပတ်ပဲကေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၇၇ တင်းထွက်ရှိ



**စစ်ကိုင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ထောပတ်ပဲကေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၇၇ တင်းထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၀၆၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ထောပတ်ပဲ ၄၀၆၈ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ထောပတ်ပဲစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက်ထောပတ်ပဲ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင်၁၆၀၅ ကေ၊မြင်းမူမြို့နယ်တွင် ၁၉၅၈ ကေနှင့်မြောင်မြို့နယ်တွင် ၅၀၅ ကေ စုစုပေါင်း ၄၀၆၈ ကေတို့ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ထောပတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း အသားစားကြက် ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လ တစ်လအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်မွေးမြူရေး အသားစားကြက်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့ကနေ မွေးမြူရေး အသားစားကြက်တွေကို အကောင်လိုက်အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေတာပါ။ ဒီလို တင်ပို့ရောင်းချနေရာမှာ တစ်လအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ ရန်ကုန်ဈေးကွက်ကို အသားစားကြက်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့တာဖြစ်ပါတယ်" ဟု ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချအား တက်လာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး မေ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် ညောင်ထောက်ကျေးရွာ၌ ၁၀ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းကို ညောင်ထောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ညောင်ထောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၈ ဦးကို ရန်ပုံငွေကျပ် ၄၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မလှိုင် မေ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန်ရည်ရွယ်၍ ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေငံရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ၁၄၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ၁၄၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့မီးရထား၏ ၁၄၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်ကာလအတွင်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ ၁၄၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကာလအတွင်း မီးရထားတိုင်းနယ်မြေ စက်ရုံ၊ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ရေဘေးနှင့် မြေငလျင်ဘေးစသည့် သဘာဝဘေးဒဏ်ကြောင့် ရထားလမ်းပိုင်းပျက်စီးမှုများအပေါ် ရထားစီးခရီးသည်များ ဘေးအန္တရာယ်မကျရောက်စေရေးနှင့် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အမှုထမ်းနှင့် အရာထမ်းများ၊ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများတွင် ပိတ်မိခဲ့ကြသူများကို သက်စွန့်ကြိုးပမ်းကယ်တင်ပေးခဲ့ကြသည့် ဝန်ထမ်းများနှင့် အဆိုပါကာလ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁**

ယနေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ချုပ်(CTUM)မှ အလုပ်သမားကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊အလုပ်သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သို့ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ဖတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့်စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အားဂုဏ်ပြုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fiar)အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်သမားမှတ်ပုံတင်ကတ်(Labour Card)ပြုလုပ်ပေးနေသော အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှဝန်ထမ်းများ၊အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလုပ်သမားဝန်ကြီးဌာနသည် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့်လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊အလုပ်သမားဥပဒေပါအကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာသုတေသနလုပ်ငန်းများဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားအတွင်းရှိသူများကို ၎င်းတို့၏အရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏လိုအပ်ချက်နှင့် သင့်လျော်သည့် အလုပ်အကိုင်များရရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။



အလုပ်သမားဝန်ကြီးဌာနသည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကိုတစ်နေရာတည်း၌တွေ့ဆုံ၍ အချိန်ကုန်၊ငွေကုန်သက်သာစွာနှင့် One Stop Service ဖြင့် အလုပ်အကိုင်များရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကိုကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ စုစုပေါင်း ၅၂ ခုတို့က အလုပ်အကိုင်ရရှိရေးပြခန်းများ ပါဝင်ပြသခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ တာဝန်ခံအရာရှိများနှင့်တွေ့ဆုံ၍ လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်နှင့် ငလျင်ဘေးဒဏ်သင့်အာမခံအလုပ်သမားများကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်(၄၀ ရာခိုင်နှုန်း)ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းစနစ်မှန်ကန်စွာပေးအပ်နိုင်ရေးအတွက် ဦးစီးဌာန၊အဖွဲ့ရုံးများမှ ပူးပေါင်းဆောင်ရွက်ကြရန်မှာ ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃,၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# သီတဂူဆရာတော်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကွင်းဆင်းစစ်ဆေး





**နေပြည်တော် မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီး(ယဉ်ကျေးမှု) ဒေါ်နုမြဖံတို့သည် ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တညာဏိဿရအား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်အတူ သီတဂူဆရာတော်ကြီး၏ စံကျောင်းတော်သို့ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ကျိုက်လတ်ချောင်ရှိ ဂူဘုရား၊ ဥမင်သုံးဆယ်စေတီ၊ ရှင်ပင်နံကိုင်းစေတီ၊လေးကျွန်းမာန်အောင်ဘုရားကြီးနှင့် ဆွမ်းဦးပုညရှင်စေတီတော်၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိလောကဂုရုလိုဏ်ဂူသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပဲ့ကျပျက်စီးခဲ့သည့်အစိတ်အပိုင်းကို အမြန်ဆုံးပြုပြင်သွားရန်နှင့် နံရံပန်းချီများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဌာနမှကျွမ်းကျင်ဝန်ထမ်းများစေလွှတ်၍ မိုးမကျမီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ပြတိုက်အဆောက်အအုံများနှင့် ပြတိုက်ပစ္စည်းသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ပျောက်ဆုံးမှု၊ ပျက်စီးမှုစာရင်းပြုစုထားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မရှိခဏစေတီ(ခေါ်) မဟိယင်္ဂဏစေတီ၊စေတီလှဘုရား၊ရာဇမဏိစူဠာစေတီတော်မြတ်ကြီး၊ဆင်များရှင်စေတီ၊ထုပါရုံစေတီနှင့်မဟာစေတီတို့သို့ သွားရောက်၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် အပျက်အစီးများရှင်းလင်းနေမှုကိုကြည့်ရှုပြီး ဂေါပကအဖွဲ့များထံ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၂ ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲပြုလုပ်

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် ၁၂ ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံပွဲ(12th ASEAN Navy Young Officers Interaction)ကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက်ထိ ရန်ကုန်မြို့ LOTTE HOTEL ၌ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲသို့တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များသည် ဧပြီ ၂၈ ရက်တွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် အသီးသီးရောက်ရှိခဲ့သည်။ တွေ့ဆုံပွဲသို့တက်ရောက်လာသည့် အရာရှိငယ်များသည် ဧပြီ ၂၉ ရက်တွင် ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊နိုင်ငံအလိုက်ရေတပ်သမိုင်းကြောင်းရှင်းလင်းခြင်းနှင့် "ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ရေကြောင်းလုံခြုံရေးပေါင်းစည်းညီညွတ်အားဖြင့် ဟန်ချက်ညီဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များအား စစ်ဦးစီးအရာရှိချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက ဧပြီ ၂၉ရက် နံနက်ပိုင်းတွင် LOTTE HOTELရှိ Sapphire Ballroom ခန်းမ၌ ကြိုဆိုလက်ခံတွေ့ဆုံခဲ့သည်။ ဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များက တစ်ဦးချင်း နှုတ်ဆက်စကားပြောကြားခဲ့သည်။

ငင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ ညပိုင်းတွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာဆီယံရေတပ်အရာရှိငယ်များသည် တပ်မတော်(ရေ)လေ့လှော်ရွက်တိုက်အသင်း(အင်းလျားကန်)တွင် လှေလှော်ခြင်းနှင့်ရွက်တိုက်ခြင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြပြီး အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ စစ်ရေယာဉ်ကို သွားရောက်လေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့သွားရောက်လေ့လာကြည့်ရှုခြင်း၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်ချုပ် အောင်ဆန်းဈေးတို့သို့ လေ့လာရေးခရီးများသွားရောက်ခဲ့ကြသည်။

အာဆီယံရေတပ်အရာရှိငယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



၁၂ ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များတွေ့ဆုံပွဲ(12th ASEAN Navy Young Officers Interaction) ကျင်းပစဉ်။



စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး ၁၂ ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များတွေ့ဆုံပွဲသို့တက်ရောက်လာသည့် အာဆီယံရေတပ်အရာရှိငယ်များကို ကြိုဆိုလက်ခံတွေ့ဆုံစဉ်။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သောအင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁ ရက်ထိ သေဆုံးသူ ၃၈၃၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီရှာ ဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၉ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၃၀ ရက် ည ၇ နာရီမှ မေ ၁ ရက် ညနေ ၅ နာရီအတွင်း မြန်မာထိုင်ဝမ်ကုန်သည်ကြီးများအသင်းမှ လှူဒါန်းသည့် ခြင်ထောင်၊ ခေါက်ဆွဲခြောက်နှင့်ရွက်ဖျင်တဲ စုစုပေါင်း တန်ချိန် ၁ ဒသမ ၃၄၂ တန်နှင့် Full Moon Services Ltd မှမှာယူ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငလျင်ဘေးသင့်ဝန်ထမ်းများအသုံးပြုနိုင်ရန် လှူဒါန်းသည့် ရွက်ဖျင်တဲတန်ချိန် ၃ ဒသမ ၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက်အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ဆွမ်းဦးပုညရှင်စေတီ ထိခိုက်ပျက်စီးမှုနှင့် အပျက်အစီးများရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တကောသလ္လအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ **ကျောဖုံးမှအဆက်**

ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ (ခုတင် ၂၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံတွင် အမှတ်(၆) အထူးဆောက်လုပ်ရေးအဖွဲ့ (အဆောက်အအုံဌာန)က ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများအား ပြန်လည်မွမ်းမံဆောက်လုပ်နေမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ မြို့မစည်ပင်သာယာဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာနှင့် စည်ကားသိုက်မြိုက်စွာ ဈေးရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသောအဆောက်အအုံများ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရန်စေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့ကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှု အခြေအနေတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တကောသလ္လအား သွားရောက်ဖူးမြော်၍ သြဝါဒခံယူကာ သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနေထိုင်တော်မူနိုင်ရန်နှင့် ဆွမ်းကိစ္စအခက်အခဲမရှိ အဆင်ပြေစေရန်အတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဓမ္မဒူတဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ အရှင်ဆေကိန္ဒနှင့်အတူ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အလယ်တိုက်ကျောင်းတော်ကြီး၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင် နေရာများသို့ သွားရောက်ကြည့်ရှုပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် မန္တလေးမြို့ ၃၅ လမ်းတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများကို စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများကို ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ Modular House တည်ဆောက်ခြင်းနှင့် ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးချမ်းအေးသာစံမြို့နယ်ရှိ ဣန္ဒာသယ ပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့နယ်ရှိ လိုရာဆုယူဘုရားသုံးဆူ မြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကမဏိစူဠာဘုရား၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး) နေရာတို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းအနီးရှိ ငလျင်ဒဏ်သင့်ပြည်သူများ ယာယီတည်းခိုရေးစခန်းသို့ သွားရောက်ကြည့်ရှု၍ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အလှူရှင် တစ်ဦးက မတည်ပေးသည့် ငွေကျပ်သိန်း ၅၀၀ ကို ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရာတွင် အသုံးပြုမည့် အစီအမံများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အဆောက်အအုံ ရှစ်လုံးကို စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့ထိ အဆောက်အအုံ ၄၈၉၂ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၄၆၁၇ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၇၅ လုံးမှ အဆောက်အအုံ ၂၀၅ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံအလုံး ၇၀ ဖြစ်သည်။

ထို့နောက် ကျောက်ဆည်မြို့ ဟံမြင့်မိုရ်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငလျင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများ **စာမျက်နှာ ၁၉ သို့**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေ့ဖုံးမှအဆက်

တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားပြန်လည် မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ သင်ကြားပို့ချပေးလျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှတ်(၂၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုအောင်က "ကျွန်မတို့ကျောင်းမှာတော့ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ ကလေးတွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေ စီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲနဲ့ ဆေးဝါးအပါအဝင် အသေးစိတ်စီစဉ်ပေးထားပါတယ်။ Camp ကို ဧပြီ ၂၈ ရက်က စတင်ဖွင့်လှစ်ပြီး ကလေးတွေစာမေးပွဲဖြေဆိုပြီးတဲ့အထိ ဆက်လက်ဖွင့်လှစ် သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် မနက် ၈ နာရီကစပြီး သင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုး ပြန်လည်ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး ရှိပါတယ်။ နောက်ထပ် ကလေးတွေ ထပ်ရောက်ဖို့လည်းရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့ စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရောရှိကြပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေပြန်လုပ်ကြတဲ့အတွက် ကျွန်မအနေနဲ့လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲကိုလည်း အောင်မြင်စွာဖြေဆိုနိုင်ကြပါစေလို့ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့်သက်ဆိုင်သည့် အထောက်အကူပြုသင်ခန်းစာ စာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများပြန်လည်သင်ကြားနေသည့် ကျောင်းသူ မနီနီမြတ်မှူးကလည်း "စာမေးပွဲ ပြန်လည်ဖြေဆိုရမယ်ကြားတော့ ကျွန်မအနေနဲ့ ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဖြေဆိုခဲ့တဲ့စာမေးပွဲမှာ အားနည်းခဲ့တဲ့ ဘာသာရပ်တွေရှိခဲ့တယ်။ အခုပြန်လည်ဖြေဆိုရမယ့်စာမေးပွဲမှာ အစွမ်းကုန်ကြိုးစားနိုင်မယ့် အခွင့်အရေးရတယ်လို့ မြင်မိပါတယ်။ လျှင်ကြောင့် အဖြေလွှာတွေပျက်စီးသွားတဲ့အတွက် နှမြောမိပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ ကြိုမသိနိုင်တဲ့အတွက် အခုလို စာမေးပွဲပြန်လည်ဖြေဆိုပေးရမယ့်အပေါ်မှာ လက်ခံပေးရမှာဖြစ်ပါတယ်။ Camp မှာတော့ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်နာရီနှုန်းနဲ့ သင်ကြားပို့ချပေးနေပါတယ်။ ဒီမှာနေရတာ နေထိုင်စားသောက်ရေး အားလုံးအဆင်ပြေပါတယ်။ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ ဆောင်ရွက်ပေးပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ နည်းပညာတက္ကသိုလ်တက်ချင်တာပါ။ ဒီရည်ရွယ်ချက်ပြည့်မြောက်အောင်လည်း ကြိုးစားသွားမှာဖြစ်ပါတယ်။ သူငယ်ချင်းတွေအားလုံးလည်း အခွင့်အရေးရှိတုန်း စာမေးပွဲပြန်လည်ဖြေဆိုပြီး အကောင်းဆုံးကြိုးစားကြစေလိုပါတယ်"ဟု ပြောသည်။

ကျောင်းသားမိဘ တစ်ဦးကလည်း "ကျွန်မသားလေးကို တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်စေဖို့ Camp ကို လာပို့ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ကျောင်းသား၊ ကျောင်းသူတွေအတွက် စာမေးပွဲပြန်လည်ဖြေဖို့ စီစဉ်ပေးတဲ့အပြင် ဆရာ၊ ဆရာမတွေနဲ့ အနီးကပ်သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်မသားလေး ပထမအကြိမ်ဖြေခဲ့တုန်းကလည်း အားရကျေနပ်မှုရှိခဲ့သလို အခုပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာလည်း အရင်ထက် ပိုမိုကြိုးစားဖို့ မှာထားပါတယ်။ Camp မှာလည်း ဆရာ၊ ဆရာမတွေက အားလုံးဂရုတစိုက် ဆောင်ရွက်ပေးတဲ့အတွက် ကလေးတွေလည်း လုံခြုံစွာနဲ့ သင်ခန်းစာတွေ လေ့လာနေကြပါပြီ။ နေထိုင်စားသောက်ရေးကိုလည်း အပြည့်အဝဆောင်ရွက်ပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း စိတ်ဓာတ်မကျဘဲ အခွင့်အရေးရတယ်လို့မှတ်ယူပြီး ကြိုးစားကြပါ။ အောင်မြင်မှုက နောက်ကလိုက်လာပါလိမ့်မယ်"ဟု ပြောသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ်သင်ကြားပေးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း Online မှ သင်ခန်းစာများကို လေ့လာနိုင်ရန် စီစဉ်ထားကြောင်း၊ အလားတူ Education Channel များ၊ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel၊ Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


**❍ မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်မှုအဆက်**

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသ သချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၄-၅-၂၀၂၅ ရက်နေ့




စာမျက်နှာ ၁၈ မှအဆက်

သွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ် 8 Magnitude ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ဘိလပ်မြေ၊ သံချောင်းများ ဝယ်ယူနိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေစက်ရုံများကိုလည်း ပြန်လည်လည်ပတ်နိုင်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မေလဒုတိယပတ်တွင် စတင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် လမ်းတံတားပျက်စီးခဲ့မှုနှင့်ပတ်သက်၍ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော သော်တာဝင်းကုမ္ပဏီမှ တာဝန်ရှိသူများ၏ ပြင်ဆင်ပြီး၊ ပြင်ဆင်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းပိုင်းပျက်စီးမှုများ စစ်ဆေးခဲ့ရာ ပျက်စီးမှု ရှစ်နေရာရှိပြီး ကုမ္ပဏီက ငါးနေရာကို အပြီးသတ်ပြင်ဆင်ပေးပြီးဖြစ်ကာ သုံးနေရာမှာ ယာယီပြုပြင်ပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ ယာယီပြုပြင်ထားသောနေရာများကို အပြီးသတ်တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် ပျက်စီးသွားသော လမ်းပိုင်းနေရာများသည် ရန်ကုန်-မန္တလေး ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသော လမ်းပိုင်းနေရာများဖြစ်သည့်အတွက် ဦးစားပေးပြင်ဆင်သွားရန်နှင့် အရည်အသွေးပြည့်မီစွာ ပြုပြင်သွားရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် MODULAR HOUSE များ တည်ဆောက်ရန် စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းငွေများကို လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်က ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN–600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း၊ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် –

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN–600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် –

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။


(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**




























## ၂၀၂၅ ခုနှစ် မေလ ပထမ ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် (၈၈)ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၄ ဒီဂရီ ဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၅၂ % မှ ၆၁ % အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၆၂ % မှ ၇၁ % အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်တောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၂ % မှ ၈၁ % အတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၀ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၅၂ မီလီမီတာမှ ၆၃ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် ၆၄ မီလီမီတာမှ ၇၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီး ရှိနိုင်ပါသည်။ (မိုး/ဇလ)




## ၂၀၂၅ ခုနှစ် မေ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလိုဖမ်းဆီးရမိ





**နေပြည်တော် မေ ၁**

ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက်၂ ဒသမ ၃ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် တပ်ကုန်းမှ မော်လမြိုင်သို့ မိုးဝင်းလှိုင်မောင်းနှင်ပြီး ကျော်ခိုင်ဦး လိုက်ပါလာသည့် TOYOTA LEXUS ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်မှုအရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သူရမျိုးမျိုး(ခ)မျိုးမျိုးအား တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆေးခြောက် ၂ ဒသမ ၃ ကီလို CADILLAC ESCALADE မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံများ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၃၀ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Offer 2962005” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်နေ လမင်းနောင်အား ည ၇ နာရီမိနစ် ၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

၁-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသားတစ်ဦးကို ဇနီးဖြစ်သူက ၎င်းနှင့် လူမှုရေးဖောက်ပြန်နေသည့်အမျိုးသားနှင့် ပူးပေါင်းလုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီး







မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း (ပ) ၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဧပြီ ၂၇ ရက်က ဖြစ်ပွားခဲ့သည့် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက ၎င်းနှင့် လူမှုရေးဖောက်ပြန်နေသည့်အမျိုးသားနှင့်ပူးပေါင်း၍ လုပ်ကြံသတ်ဖြတ်ခဲ့မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၁၁နာရီတွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ၃၇-၃၈ လမ်းကြား သင်္ဘောပတ်လမ်း(အနောက်)ရှိ Happy Like လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးအောင်နေမျိုး ၅၀ နှစ်သည် လက်ဖက်ရည်ဆိုင်အိပ်ခန်းအတွင်း ကျည်ထိမှန်ဒဏ်ရာများဖြင့် အသတ်ခံထားရကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေစင်ဝင်း၏ ဖုန်းဆက်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်နေမျိုးအား လက်ဖက်ရည်ဆိုင် အိပ်ခန်းအတွင်း ခုတင်ပေါ်၌ ယာနားထင်မှကျည်ဖောက်ဝင်ပြီး ဝဲနားထင် ကျည်ဖောက်ထွက်ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာနှစ်ချက်တို့ဖြင့် သေဆုံးနေပြီး အခင်းဖြစ်နေရာမှ Thai Arms 9mm စာတန်းပါ ကျည်ခွံတစ်ခု သိမ်းဆည်းရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူတရားခံအား ဖော်ထုတ်ဖမ်းဆီးရရှိနိုင်ရေး အမှတ်(၇) နယ်မြေရဲစခန်းက (ပ)၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့် စုံစမ်းခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ ဖွဲ့၍ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ သက်သေများစစ်ဆေးခြင်း၊ မသင်္ကာတရားခံများစုံစမ်းရှာဖွေခြင်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ သေဆုံးသူ ဦးအောင်နေမျိုး၏ ဇနီး ဒေါ်ရွှေစင်ဝင်းမှာ မသင်္ကာဖွယ် အမူအရာ ပျက်ယွင်းနေသဖြင့် ၎င်းအား အသေးစိတ်စစ်ဆေးခဲ့ရာ ခင်ပွန်းဖြစ်သူမှာ ၎င်းအား အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်သည့်အပြင် အတူနေ ၎င်း၏ ညီအစ်ကိုမောင်နှမများအား နေအိမ်မှ အကြိမ်ကြိမ် မောင်းချသဖြင့် စိတ်နာကြည်းခဲ့ကြောင်း၊ လွန်ခဲ့သောတစ်နှစ်ကျော်က Tik Tok အသုံးပြုရာမှ ၎င်းနှင့်ချစ်ကြိုက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးအတွင်း ကုန်စိမ်းရောင်းချသူ ဖော်ဖြိုးအောင် ၃၃ နှစ်အား မန္တလေးမြို့သို့ခေါ်ဆောင်၍ အတူနေထိုင်ခဲ့ကြောင်း၊ လွန်ခဲ့သောတစ်လကျော်မှစတင်၍ မန္တလေးမြို့သို့ ဖော်ဖြိုးအောင် ရောက်ရှိလာသည့်အခါ ၎င်းတို့နှစ်ဦး အတူနေထိုင်ရန်အတွက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ်အကွက် (၁၃)ရှိ အဆောင်တစ်ဆောင်အား ငှားရမ်းပေးခဲ့ကြောင်း၊ ဒေါ်ရွှေစင်ဝင်းက ၎င်းအား ညှဉ်းပန်းနှိပ်စက်နေသည့် ခင်ပွန်းဖြစ်သူကို လုပ်ကြံသတ်ဖြတ်ပေးရန် ဖော်ဖြိုးအောင်အား လွန်ခဲ့သောရက်အနည်းငယ်က ဖုန်းဖြင့် ဆက်သွယ်ပြောဆိုတိုင်ပင်ခဲ့ကြကြောင်း၊ဧပြီ ၂၅ ရက် ညနေ ၆ နာရီခန့်တွင် ဖော်ဖြိုးအောင်မှာ ရန်ကုန်မြို့မှမန္တလေးမြို့သို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းမှ ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ရန်အတွက် လာရောက်ရမည့် အချိန်နှင့် ခင်ပွန်းဖြစ်သူအိပ်သည့်နေရာတို့ကို အသေးစိတ်ထပ်မံ ရှင်းလင်းပြောပြခဲ့ကြောင်း၊ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဖော်ဖြိုးအောင်က ဦးအောင်နေမျိုး အိပ်သည့်အခန်းအတွင်း ဝင်ရောက်ကာ သေနတ်ဖြင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဖော်ဖြိုးအောင် နေထိုင်ရန် ၎င်းငှားရမ်းပေးထားသည့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ် အကွက်(၁၃)ရှိအဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းအတွင်းမှ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SIG-SAUER အမျိုးအစား 9mm ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၂၈ တောင့်နှင့် Scoopy ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တရားခံ ဖော်ဖြိုးအောင်မှာ ၎င်း၏ ဇာတိဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း ထပ်မံစုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁ ရက် နံနက်ပိုင်းတွင် တရားခံဖော်ဖြိုးအောင် ၃၃ နှစ် (ဘ) ဦးစံမြင့်အား တံခွန်တိုင်ကျုံဝါးကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက ၎င်းနှင့် လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းကာ လုပ်ကြံသတ်ဖြတ်၍ လိမ်လည်သတင်းပေးတိုင်တန်းခဲ့မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ရွှေစင်ဝင်းနှင့် ဖော်ဖြိုးအောင်တို့နှစ်ဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဧပြီ ၂၇ ရက်က အငြိမ်းစားပါမောက္ခ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၇ နာရီခန့်တွင် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေထွက်ကျေးရွာ မြောင်းပေါင်ဘေး လယ်ကွင်းအတွင်း ဆောက်လုပ်ထားပြီး လူနေထိုင်ခြင်းမရှိသည့်တစ်ထပ်တိုက်အတွင်း ဒေါ်ထွေးထွေး ၆၆ နှစ် ပါမောက္ခ(အငြိမ်းစား)(ဘ) ဦးအောင်သန်းအား နဖူးပြတ်ရှဒဏ်ရာဖြင့် မှောက်လျက်အနေအထားဖြင့် သွေးအိုင်အတွင်း သေဆုံးပုပ်ပွနေသည်ကို တွေ့ရှိရသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်းက (ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် တာဝန်ရှိသူများက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်အား အသေးစိတ်စစ်ဆေးခြင်း၊ သေဆုံးသူနှင့် ပတ်သက်သည့် အချက်အလက်များကို စုံစမ်းရှာဖွေခြင်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ သေဆုံးသူ ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေး အသုံးပြုမောင်းနှင်ခဲ့သည့် MDY-15 7G/xxxx Belta အမျိုးအစား ခဲရောင်မော်တော်ယာဉ်ကို အခင်းဖြစ်နေရာ အနီးမှ သိမ်းဆည်းရရှိခဲ့ပြီး ဒေါ်ထွေးထွေးမှာ ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ မင်္ဂလာရန်ကင်းအိမ်ရာ(အငြိမ်းစားအိမ်ရာ) တိုက်အမှတ်(C-16) အခန်းအမှတ်(၄၀၁) တွင် တစ်ဦးတည်းနေထိုင်ပြီး တူတော်စပ်သူ ဦးရဲဝဏ္ဏနှင့်အတူ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း သိရှိရသဖြင့် ပတ်ဝန်းကျင်သက်သေများအား အသေးစိတ်စစ်ဆေးခဲ့ရာ သက်သေများ၏ထွက်ဆိုချက်များအရ ဒေါ်ထွေးထွေးမှာ ဧပြီ ၂၅ ရက် နံနက် ၇ နာရီခန့်တွင် နေအိမ်မှ တစ်ဦးတည်း ၎င်းပိုင်မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားသည်ကိုမြင်တွေ့ရကြောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီကျော်ခန့်တွင် စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးက Belta ခဲရောင် မော်တော်ယာဉ်တစ်စီးကို မောင်းပေးရန် ၎င်းနှင့် ခင်မင်ရင်းနှီးသူတစ်ဦးအား အကူအညီတောင်းခံခဲ့ကြောင်း၊ ၎င်းကား နောက်ခန်းအတွင်းမှ မိန်းမစီးဖိနပ်တစ်ရန်အား ရေကန်အတွင်းသို့ လွှင့်ပစ်သည်ကို မြင်တွေ့ရကြောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဒေါ်ထွေးထွေး၏ နေအိမ်သို့ ၎င်းနှင့်မြေကွက်အရောင်းအဝယ်ပြုလုပ်နေသူ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုး ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်သွားသည်ကို မြင်တွေ့ရကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် စိုင်းထွန်းနော် (ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး (ခ)ကိုဖြိုးအား ဖမ်းဆီးစစ်ဆေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းမှာ မိသားစုများနှင့် အတူ တောင်ကြီးမြို့သို့ ထွက်ခွာသွားကြောင်း ထပ်မံစုံစမ်းသိရှိရသဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁ ရက် နံနက်ပိုင်းတွင် တရားခံ စိုင်းထွန်းနော်(ခ)ကိုစိုင်း(ခ)ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုး ၂၅နှစ် (ဘ)ဦးစန်းယုအား ဟဲဟိုးမြို့ရှိ တည်းခိုခန်းတစ်ခု၌ ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေးအား သတ်ဖြတ်ပြီးယူဆောင်ခဲ့သည့် မောင်းကွင်းရွှေလက်စွပ်တစ်ကွင်း၊ ကျောက်ပါ ရွှေထည်လက်စွပ်ငါးကွင်း၊ ရွှေကလစ်တစ်ခု၊ ကျောက်ပါ ရွှေထည်လော့ကတ်သီးနှစ်ခု၊ သံကြိုးပုံရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ပါ ရွှေလက်ကောက်တစ်ကွင်း၊ ရွှေကြယ်သီးငါးလုံး၊ မြေကွက်အရောင်းအဝယ်စာချုပ်၊ စာရွက်စာတမ်း ၃၉ စောင်၊ Wave 110 ဆိုင်ကယ်တစ်စီး၊ မြန်မာငွေစက္ကူရောရာ ၂၀၂၀၀၀၀ ကျပ်တို့နှင့်အတူ သိမ်းဆည်းဖမ်းဆီးရမိခဲ့သည်။

တရားခံ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုး၏ ထွက်ဆိုချက်အရ ၎င်းနှင့်ပါမောက္ခ(အငြိမ်းစား)ဒေါ်ထွေးထွေးတို့သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ်ရေထွက်ကျေးရွာနှင့် နှမ်းကြဲကျေးရွာအကြားရှိဒေါ်ထွေးထွေးပိုင်ဆိုင်သည့်ခြံကွက်ကို အရောင်းအဝယ်ပြုလုပ်ရန်ပြသစဉ် အရောင်းအဝယ်မတည့်သဖြင့် စကားများရာမှ ဒေါ်ထွေးထွေးအား လည်ပင်းညှစ်၍ အုတ်နီခဲဖြင့် ဦးခေါင်းအား နှစ်ချက်ထုရိုက်ခဲ့ကာ ၎င်းစီးနင်းလာသည့် MDY-15 7G/xxxx Belta အမျိုးအစား မော်တော်ယာဉ်အတွင်းမှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၅၀ တို့ကို ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။





ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူနှင့် ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

အငြိမ်းစားပါမောက္ခ ဒေါ်ထွေးထွေးအား သတ်ဖြတ်၍ ၎င်းပိုင်ရွှေထည်ပစ္စည်းများနှင့် ငွေကြေးများကို ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့သူ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# မြို့ဖျက်သမား ဆိုသော်ငြားလည်း

မောင်ခြိမ့်



တကယ်တော့ ဒီလိုညမျိုးတွင် ဖိုးနီ ဖားထိုးရန် ထွက်လာခဲ့ဖို့မကောင်း။ မိုးက တအုန်းအုန်း၊ တဝုန်းဝုန်းနှင့် ရေအိုးမှောက်သွန်ချလိုက်သလို သဲကြီးမဲကြီး ရွာနေသည်။ လေကလည်း တဝေါဝေါ၊ တသောသော တိုက်ခတ်လျက်ရှိနေသည်။ နက်မှောင်သော ကောင်းကင်ပြင်ကြီးတွင် ကြယ်ကလေးတစ်လုံး သော်မျှ လင်းလက်ခြင်းမရှိ။

ဂျိမ်းခနဲ ဂျိုင်းခနဲ မြည်ဟိန်းထစ်ချုန်းလိုက်သော မိုးခြိမ်းသံ၏နောက်တွင် ကောင်းကင်အနက်ထည်ကြီး၌ ပပ်ကြားအက်များ အမျှင်လိုက်၊ အစင်းလိုက်၊ အတွန့်လိုက်ပေါ်နေသလို လျှပ်စီးကြောင်းများက တဝင်းဝင်း၊ တလက်လက်နှင့် အသည်းယားစရာ ကောင်းနေတော့သည်။

သူတို့ရွာကလေးသည် သဲကြီးမဲကြီးရွာသွန်းနေသောမိုးစက်များအောက်တွင် ငြိမ်သက်စွာ ဝပ်စင်းလဲလျောင်းလျက်ရှိသည်။ ရွာလမ်းတစ်လျှောက်ရှိ ကုက္ကို၊ သရက်၊ ပိတောက်၊ ပျဉ်းမ၊ ခံတက် စသည့် အပင်ကြီးများသည် အမြစ်မှ ကျွတ်ထွက်သွားတော့မတတ် မိုးဒဏ်လေဒဏ်ကို လှိမ့်ခံနေရတော့သည်။

သစ်ကိုင်းဆွေး၊ သစ်ကိုင်းခြောက်များသာမက မာဆတ်သော သစ်စိမ်းကိုင်းများပါ လေပြင်းကြောင့် ကြက်ပေါင်ပဲ့ ပဲ့ကာ မြေပြင်တွင် ပြန့်ကျဲနေသည်။ ချောင်းကလေး၏ ကမ်းစပ်နှစ်ဖက်တွင်ရှိသော မိုးမခပင်များ၊ သံဒတ်ပင်များ၊ လမုပင်များ၊ ညောင်လန်းပင်များသည် ချောင်းရိုးကလေးအတွင်း ဝင်ရောက်မွှေ့ယမ်းနေသော မိုးသက်လေပြင်းဒဏ်ကြောင့် သေရည်မူးသူလို ဆောက်တည်ရာမရ ဘယ်ယိမ်းညာနွဲ့၊ ရှေ့တိုးနောက်ငင် ပရမ်းပတာဖြစ်နေတော့၏။

မြစ်ဝကျွန်းပေါ်ဒေသ မိုးများသည့်အရပ်တို့ ထုံးစံအတိုင်း နယုန်၊ ဝါဆိုလတို့ လွန်လာသည်နှင့် တစ်ပြိုင်နက် ကောင်းကင်ပေါ်မှ ရေကာတာကြီးချိုးချလိုက်သလို တဝေါဝေါ၊ တသောသော သွန်ချလာသော မိုးဒဏ်လေဒဏ်တို့ကို ခံကြရစမြဲဖြစ်တော့၏။

ရေတက်မိုး အစိုးမရတဲ့၊ ရေတက်မိုး ကန်သင်းကျိုးတဲ့၊ ရေတက်မိုး အိုးမှောက်သွန်တဲ့၊ ရှေးလူကြီးများထားခဲ့သောစကားသည် အလကားမဟုတ် ယခုပင်ကြည့်။

ရေတက်ဦးကတည်းကစ၍ ရွာသွန်းလာခဲ့သောမိုးသည်ခဏတစ်ဖြုတ်ကလေးပင် နားသည်မရှိ။ ဖွဲရာမှကျဲ၊ ကျဲရာမှ သည်း၍သည်း၍ လာနေတော့၏။ တဖြည်းဖြည်းနှင့် ချောင်းရေက လျှံ၊ ကန်ရေက တိုး၊ မိုးကလည်း ဖေးကူလိုက်သောအခါ ချောင်းကမ်းစပ်တစ်လျှောက် ကွေ့ဝိုက်တည်ရှိနေသော ဖိုးနီတို့ရွာကလေးတစ်ရွာလုံးကို ဖုံးလွှမ်းလေတော့မှာလားထင်ရနေပြီ။

ရွာလမ်းကို ရေကျော်ခဲ့ပြီ။ ချောင်းထဲက ရေသည် ကွင်းပြင်ကျယ်ထဲသို့ စီးဝင်၏။ ကွင်းပြင်ကျယ်ကြီးကို လျှံတက်လာသောမိုးရေတို့က ချောင်းကလေးဘက်သို့ ပြန်၍ စီးပြန်၏။

သို့နှင့်ပင် ရေမျက်နှာပြင်ကြီး မို့၍မို့၍ မောက်၍မောက်၍ မြင့်၍မြင့်၍ တက်လာလိုက်သည်မှာ ဖိုးနီ၏ အိမ် ဖိနပ်ချွတ်ကို တဖျပ်ဖျပ်နှင့်လှမ်း၍ပုတ်ခတ်နေပြီ။ ထိုဖိနပ်ချွတ်ထက် အိမ်မကြီးက တောင်ဆုပ်ခန့်သာမြင့်လေရာ သည်မိုး၊ သည်ရေ သည်အတိုင်းသာ ဆက်၍တက်နေ၊ သည်းနေလျှင် မကြာခင် သူတို့အိမ်ကလေး ရေမြုပ်ပေတော့မည်။

မြစ်ချောင်းကမ်းစပ်နေသူတို့ သဘာဝအသိအရ မြစ်ရေ၊ ချောင်းရေ ဘယ်၍ဘယ်မျှ တက်တတ်သည်။ ထို့ကြောင့် မိမိတို့နေအိမ်ကို ဘယ်လောက်မြင့်အောင် ဆောက်ထားရမည်ကို သူတို့သိကြ၊ နားလည်ကြပါ၏။ ထို့ကြောင့်ပင် ဖိနပ်ချွတ်ဟုခေါ်သည့် အောက်ဆင့်ကိုပင် သုံးတောင်ခန့်မြှင့်ထားခဲ့သည်မဟုတ်လော။

သူတို့တစ်တွေသည် ရွာကလေးတွင် နေလာခဲ့ကြသည်မှာ ဟိုးဘိုးစဉ်ဘောင်ဆက်ဘွားလက်ထက်ကတည်းကဖြစ်သည်။ တစ်ခါမျှ သည်လောက် ရေကြီးတာမတွေ့ခဲ့ဖူးဘူးဟု ရွာထဲက သက်ကြီးဝါကြီး တံငါဘိုးအေကြီး ဦးသာကျော်က နေ့ခင်းကပင် ပြောသွားခဲ့သေး၏။ ဘာပဲဖြစ်ဖြစ် ယခုတော့ စိုးရိမ်နေရပြီ။

အိမ်၏အတွင်းခန်းတွင် မကျင်ငွေသည် တဟင်းဟင်းနှင့်ညည်းကာ မီးယပ်ချမ်းထလျက်ရှိသည်။ အခန်းသာခေါ်နေရသည်။ တကယ်ကတော့ သုံးပင်နှစ်ခန်း ဓနိမိုးထရံကာအိမ်ကလေး၏ အတွင်းပိုင်းကို ကျူဖျာနှစ်ချပ်နှင့် ကာထားခြင်းသာဖြစ်သည်။

အိမ်အနောက်ဘက် လယ်ကွင်းပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသောလေပြင်းသည် အိမ်ကလေးကို နှဲ့၍နှဲ့၍တွန်းလှဲနေသကဲ့သို့ အိမ်ကလေးတစ်ခုလုံး သိမ့်သိမ့်ခါလျက်ရှိသည်။ ဝါးထရံကွက်ကြားထဲမှ တရှိုးရှိုးမြည်အောင် ထိုးဖောက်ဝင်ရောက်လာသောလေကြောင့် မကျင်ငွေဝင်နေသည့် ပိတ်ခြင်ထောင်အိုကလေးသည် တစ်ခြမ်းပိန်လျက်ရှိသည်။

သွပ်ပြားစုတ်ကလေးအပေါ် ရွှံ့သားလက်လေးသစ်ခန့်တင်ပြီး ယာယီဖန်တီးထားသော မီးဖိုကလေးအပေါ်တွင် ဒန်အိုးမည်းမည်းညစ်ညစ်တစ်လုံးရှိသည်။ ထိုအိုးသည် ဟင်းခါးအိုးဖြစ်သည်။ ကြိတ်မှန်ရွက်များနှင့် ငါးခူငါးပိကောင်ခတ်၍ချက်ထားသဖြင့် ဟင်းခါးအရောင်သည် ညိုတိုတိုရှိသည်။ ငရုတ်ကောင်းကိုလှော်ပြီး ကြက်သွန်ဖြူနှင့် ထောင်း၍ထည့်ထားသဖြင့် အနံ့က မွှေးကြိုင်လှသည်။

ဖိုးနီသည် ဟင်းခါးအိုးပွက်ပွက်ဆူလာအောင် ဝါးမီးပြောင်းနှင့် တဖူးဖူးကုန်း၍မှုတ်လိုက်ပြီး မီးဖိုဘေးတွင်ကပ်ကာနှပ်ထားသော ထမင်းအိုးကို အဖုံးဖွင့်၍ကြည့်သည်။ ထောင်းထောင်းထအောင် မွှေးကြိုင်သင်းပျံ့နေသော ထမင်းဦးပေါင်းရနံ့သည် လှိုင်၍ထွက်သည်။ သူတို့စားနေကျ ဆန်မျိုးမဟုတ်၊ မီးနေသည် မကျင်ငွေအတွက် ရွာထိပ် အဝိန်တို့ကုန်စုံဆိုင်က ဝယ်လာသော ပုသိမ်စပါးနက်ဆန်ဖြစ်သည်။ ပါးစပ်ထဲတွင် စို့တက်လာသော တံတွေးတို့ကို "ဂလု" ခနဲမြည်အောင် မျိုချလိုက်သည်။ ဆန်နို့ဆီဘူးနှစ်ဘူး တည်းချက်ထားတာဖြစ်၍ မကျင်ငွေနှင့် ကလေးနှစ်ယောက်စာသာ လောက်မည်။ သူကတော့ ကွင်းထဲက ပြန်လာမှ သေချာအောင် ထမင်း လေး၊ ငါးစေ့ခန့်ကို ယောက်မနှင့်ကော်ယူပြီး လက်နှင့် ဖျစ်ကြည့်သည်။ အလယ်ကောင်တွင် ဝတ်ဆံမရှိ နပ်ပြီ။ လက်တစ်ဆစ်ခန့်ရှည်ကာ ဖွေးဖြူနေသော စပါးနက်ဆန်သည် အခက်အခက်နှင့်။

"မကျင်ငွေရေ ထမင်းကော၊ ဟင်းခါးကော ကျက်ပြီ ဟေ့ စားလို့ရပြီ"

အခန်းတွင်းခြင်ထောင်ထဲရှိ မကျင်ငွေကို လှမ်း၍ ပြောလိုက်သည်။ မကျင်ငွေထံမှ တုံ့ပြန်သံထွက်မလာမီမှာပင် သားနှစ်ယောက် ဝါးကြမ်းခင်းကို တအုန်းအုန်း၊ တကျွိကျွိမြည်အောင်နင်း၍ ပြေးထွက်လာကြသည်။ အကြီးကောင်က ခြောက်နှစ်၊ အငယ်ကောင်က လေးနှစ်ရှိပြီ။

မိုးကလည်း အေး၊ ဗိုက်ကလည်း ဆာ၊ မိုးထဲရေထဲ သရေစာကလည်း မလာ၍ သည်ကလေးနှစ်ယောက် ဘာမှအဆာပြေစားစရာမရှိသဖြင့် ဟပ်ထိုးလိုက်အောင်ဆာလောင်နေကြပြီ။ သို့ဖြစ်၍ မွေးခါစကလေး နီတာရဲလေးနှင့်ပိတ်ခြင်ထောင်ထဲအောင်းကာ စမုန်နက်ထုပ်ကလေး ရှူလိုက်၊ မီးကလေးထွက်လှုံလိုက် လုပ်နေသောမကျင်ငွေ၏အနားတွင်သွားပြီး ခွေနေကြရာမှ ဖိုးနီ၏ ဟင်းခါးနှင့် ထမင်းရပြီဆိုသောအခါ ဝမ်းသာအားရပြေးထွက်လာကြခြင်းဖြစ်တော့၏။

ကြွေရည်သုတ် ဒန်ဇလုံကလေးထဲ ထမင်းဖြူပူပူနွေးနွေးကို ယောက်မဖြင့်ကော်ထည့်ပေးပြီး ကြိတ်မှန်ရွက်ဟင်းခါးထည့်ကာ ဇွန်းတပ်ပေးလိုက်လျှင် ကလေးနှစ်ယောက်သည် ခေါင်းမဖော်စတမ်းတရှူးရှူး တရှဲရှဲနှင့်သောက်နေကြပြီ။ ပိတ်ခြင်ထောင်ကို မ၍ ဖင်ရွှေ့ဖင်ရွှေ့ ထွက်လာသော မကျင်ငွေက–

"ဟဲ့...နှစ်ကောင် အာခေါင်က အရေပြားတွေ ကွာကျပ့ါမယ်ဟယ်။ ဖြည်းဖြည်းမှုတ်သောက်စမ်းပါ" ဟု လှမ်းအော်သည်။ သူ့အတွက် ထည့်ထားသော ပန်းကန်မှ ဟင်းခါးနှင့်ရောဖျော်ထားသော ထမင်းပူပူကို တစ်ဇွန်းခပ်၍စားရင်း ဘေးနားတွင် ထိုင်နေသော ဖိုးနီ၏မျက်နှာကို ငေး၍ကြည့်မိသည်။

နီကြင်ကြင်ဆံပင်၊ ညိုညစ်ညစ်အသားအရေနှင့် လက်စကစွပ်ကျယ်အဟောင်းကလေးဝတ်ပြီး မီးဖိုဘေးတွင်ထိုင်ကာ သားနှစ်ယောက်ကို တစ်လှည့်၊ မကျင်ငွေကိုတစ်လှည့်ကြည့်နေသော ဖိုးနီ၏ မျက်နှာပေါ်တွင် အရိပ်အယောင်တစ်ခုကို မြင်ရသည်။ ထိုအရာကား ပီတိဖြစ်ပေလိမ့်မည်။

ယောကျ်ားတန်မဲ့ ဟင်းခါးချက်ရန် ကြိတ်မှန်ရွက်ရှာတော့လည်းသူ၊ အိမ်တကာလှည့်၍ ငါးခူငါးပိကောင် တောင်းလာရတာလည်းသူ၊ ယခုချက်သောဆန်ကိုလည်း ဘယ်က ဘယ်လိုငွေနှင့်ဝယ်လာသည် မသိ။ ကနစိုထင်းခြမ်းကလည်း တစ်ပွေ့တစ်ပိုက်ရှာလာခဲ့သေးသည်။

မီးနေသည်မီးလှုံလျှင် သုံးရသောထင်းသည် ကနစိုထင်းခြမ်းမှကောင်းသည်။ ကုက္ကိုတို့၊ သရက်သားတို့ စသည့်ထင်းတို့သည် အခိုးအငွေ့ရှိ၍သုံးရန် မသင့်ပေ။ ယခုကဲ့သို့ မီးနေသည် မိန်းမနှင့် သားနှစ်ယောက်ကို သူတတ်နိုင်သလောက် ရှာဖွေကျွေးမွေးနေသော ချစ်ခင်ပွန်းဖိုးနီကို လေးစားခြင်း၊ အားကိုးယုံကြည်ခြင်း၊ ချစ်ခင်ကြည်နူးခြင်းများ ဖိတ်ဝေသောမျက်လုံးများဖြင့် မကျင်ငွေ ကြည့်၍မဝနိုင်အောင်ရှိတော့သည်။

သည်ယောကျ်ားသည် ပစ္စည်းမရှိ၊ ပညာမတတ်၊ ရုပ်ရည်ချောမောခြင်းမရှိ။ သို့သော် ဖခင်ပီသသောဂုဏ်ရှိ၏။ လင်ယောကျ်ားပီသသောဂုဏ်ရှိ၏။ ထိုဂုဏ်နှစ်ရပ်က ခြုံလွှမ်းလိုက်သောအခါ ဖိုးနီသည် မကျင်ငွေအတွက် တန်ဖိုးမဖြတ်နိုင်သော လူ့အဖိုးတန်ကြီး ဖြစ်နေပေတော့၏။

"ထမင်းတွေကော ဟင်းခါးတွေပါ အများကြီးပဲ။ ရှင်ကောတစ်ခါတည်းသောက်လိုက်ပါလား ကိုဖိုးနီ"

မကျင်ငွေက ကြင်နာစွာပြောသည်။ ဖိုးနီက မကျင်ငွေကို တစ်ချက်ကြည့်သည်။ မွေးဖွားပြီးစ မီးတွင်းကာလမို့ နန္ဒင်းများနှင့် ဝါဝါဝင်းဝင်းကြီးဖြစ်ကာ လေဘေးထည် အနွေးထည်ပွပွကြီး ဝတ်ထားသဖြင့် ပုံမကျပန်းမကျဖြစ်နေသော မကျင်ငွေကို ပြုံးပြရင်း–

"မင်းတို့သားအမိတွေသာ ဝအောင်သောက်စမ်းပါကွာ။ ငါကွမ်းသီးချောင်းဖျားဘက် ခဏသွားလိုက်အုံးမယ်"

"အိုး... ဒီလောက် မိုးတွေလေတွေနဲ့ ရှင်သွားလို့" ဟုပြောရင်းက စကားကို ရပ်လိုက်သည်။ အိမ်အခြေအနေကို သွားပြီးစဉ်းစားမိလိုက်၍ဖြစ်သည်။ ဆန်ပုံးလုပ်ထားသော လေးထောင့်သံဖြူပုံးထဲတွင် ဗလာဖြစ်ပြီ။ အရပ်လက်သည်ကိုလည်း ပေးစရာရှိသေးသည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူ မိုးထဲလေထဲထွက်ပြီး သက်စွန့်ဆံဖျားသွားမည်စိုး၍ တားရန်စကားလုံးတို့သည် အပြင်သို့ ထွက်မလာခဲ့၊ လည်ချောင်းထဲတွင်ပင် နစ်ဝင်ပျောက်ကွယ်သွားရတော့သည်။

ဆက်လက်ဖော်ပြပါမည်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ကသာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၈၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၆ ဒသမ ၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၃၁၈၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခု လက်ရှိ ဧကအားလုံး နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် ကွေ့တန်းရှည်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး မေ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကွေ့တန်းရှည်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက ကွေ့တန်းရှည်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါ ကွေ့တန်းရှည်ကျေးရွာ၌ အရှည်ပေ ၁၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၇ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်

# ကော့ကရိတ်မြို့နယ် ကြာရိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် မေ ၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကြာရိုးကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကြာရိုးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

## သမိုင်းဂုဏ်ရည် သင်းထုံကြည်

\- တို့မြန်မာပြည် သာယာစည်၍
ဂုဏ်ရည်မြားမြောင် မြင့်မားဆောင်ခဲ့
အောင်မြင်မှုလျှံ ဂုဏ်ဝန်းရံခဲ့
ပုဂံမှသည် အလှညီခဲ့
စေတီဘုရား အများများနှင့်
စပါးဆန်နှံ ပြည့်စုံ၏၊
တရားဓမ္မခံ မွေ့ကုန်ဘိ။

\- ကတိသစ္စာ မြဲမြံစွာပင်
မှန်ရာပြောဆို မနောချိုဘိ
ဝန်တိုအဘိဇ္ဈာ အနိဋ္ဌာတို့
စိတ်မှာမထား ရိုးသားကုန်၊
သိက္ခာတရား အမျိုးသားဂုဏ်။


\- ပြည်ပတိုင်းခြား တိုင်းတစ်ပါးလည်း
စိတ်ထားဖြူလှ ဖေးကူကြကာ
သံသယကင်း ရန်စကင်းကာ
ချစ်ခြင်းမှန်လျက် "သံ"မပျက်ကြ
ဆက်သွယ်အပြစ်ကင်း မယိုင်လဲ၊
ယှက်နွှယ်ချစ်ခြင်း ခိုင်ခိုင်မြဲ။

\- သြော်...
မြန်မာ့ဂုဏ်ရည် သင်းထုံကြည်၍
ညီညွတ်ကြကာ စည်းလုံးစွာဖြင့်
အာဃာတများ ရန်ငြိုးများတို့
မထားကြဘဲ လက်ချင်းတွဲကာ
ခိုင်မြဲချစ်ကြည် လက်တွဲချီလျက်
တို့ပြည်တို့တိုင်း တို့သမိုင်းသည်
အတိုင်းမသိ သန့်စေသော၊
အရိုင်းမရှိ ခန့်စေသော၊
မြန်မာ့ဂုဏ်ရည် မြင့်စေသော။ ။


ခင်ဖုန်းကြည်(မိုင်းပွန်)
စာပေဗိမာန်စာမူဆုရ

**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# ပဲ့ထိန်းဒုံးကျည်တည်ဆောက်ရန်ကြိုးပမ်းနေသော ဂျပန်နိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

တရုတ်နှင့်မြောက်ကိုရီးယားနိုင်ငံတို့၏ ဒုံးကျည်ခြိမ်းခြောက်မှုများနီးကပ်လာပြီး အမေရိကန်၏ အရန်ဒုံးကျည်များလည်း နည်းပါးလာလျက်ရှိသောကြောင့် ဂျပန်နိုင်ငံသည် ပိုမိုဝေးကွာသည့်နေရာသို့ လျင်မြန်စွာပစ်ခတ်နိုင်မည့် Tomahawk ခရုဇ် ဒုံးကျည်ကဲ့သို့သော ဒုံးကျည်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန (MOD)သည် မြေပြင်မှသင်္ဘောပစ်နှင့် မြေပြင်မှမြေပြင်ပစ် တိကျပဲ့ထိန်းဒုံးကျည်သစ်တစ်မျိုးကို သုတေသနပြုတိုးတက်တည်ဆောက်သွားရန် မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်း(MHI)နှင့် အမေရိကန်ဒေါ်လာ ၂၁၉ သန်းတန်ဖိုးရှိသော ကန်ထရိုက်တစ်ရပ်လက်မှတ်ရေးထိုးထားကြောင်း ဧပြီလထုတ် ရေတပ်သတင်း၌ ဖော်ပြထားသည်။

၎င်းဒုံးကျည်သည် အကွာအဝေး၊ တိကျပဲ့ထိန်းနှင့် ပျံသန်းမှုစွမ်းဆောင်ရည်များတွင် အဆင့်မြှင့်တင်ထားခြင်းအားဖြင့် သင်္ဘောဖျက်နှင့် မြေပြင်ပစ်စွမ်းဆောင်ရည်တိုးတက်ရန် ရည်မှန်းထားရှိသည်။ ၂၀၂၄ ခုနှစ်မှ ၂၀၃၂ ခုနှစ်ကာလအတွင်း သုတေသနပြုတည်ဆောက်ရန်ရေးဆွဲထားသော အစီအစဉ်ကို မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်း၏ Type 12 အမျိုးအစား မြေပြင်မှသင်္ဘောဖျက်ဒုံးကျည်နှင့် ကဝါဆာကီအကြီးစားစက်မှုလုပ်ငန်း၏ ဝေးကွာသောကျွန်းစုများကာကွယ်ရေးဆိုင်ရာ သင်္ဘောဖျက်ဒုံးကျည်သစ်များဖြင့် ပေါင်းစပ်ကာအဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်သည်။

၎င်းဒုံးကျည်သည် လောင်စာသုံးအင်ဂျင်နှင့် လေခွင်းတောင်ပံများပါဝင်သောကြောင့် အမေရိကန်လုပ် Tomahawk ဒုံးကျည်ကဲ့သို့ပင် ရေပြင်ညီပျံသန်းနိုင်စွမ်းရှိသည်။ ထောက်လှမ်းရေးဂြိုဟ်တုများနှင့် မောင်းသူမဲ့လေယာဉ်(UAVs)တို့သည် ပစ်မှတ်တိကျမှုနှင့်ဖောက်ထွင်းမှုစွမ်းဆောင်ရည်များ မြှင့်တင်နိုင်မည်ဖြစ်သောကြောင့် တန်ဖိုးကြီးမားသောရန်သူ့ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ပင်လယ်ရေကြောင်းကျူးကျော်မှုများနှင့် မြောက်ကိုရီးယားနိုင်ငံ၏ဒုံးကျည်တိုးတက်မှုများ တုံ့ပြန်နိုင်ရန်ကြိုးပမ်းလျက်ရှိသောကြောင့် ဒုံးကျည်တည်ဆောက်ရေးလုပ်ငန်းသည် ဂျပန်နိုင်ငံ၏မဟာဗျူဟာမြောက်အရွေ့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ သို့သော် ဂျပန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းဝယ်ယူမှု၊ နည်းပညာနှင့် အုပ်ချုပ်ပံ့ပိုးရေးအေဂျင်စီ(ALTA)မှ တာဝန်ရှိသူတစ်ဦးက အင်ဂျင်ဒီဇိုင်းအပါအဝင် အဓိကကျသော စီမံကိန်းအစိတ်အပိုင်းများကို ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း ကောက်ချက်ချပြောကြားခဲ့သည်။

အရှေ့အာရှတွင် တင်းမာမှုများမြင့်တက်လာသောကြောင့် ဒုံးကျည်တည်ဆောက်ရေးလုပ်ငန်းသည် ဂျပန်နိုင်ငံ၏ပိုမိုကျယ်ပြန့်သော စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှု မဟာဗျူဟာကို အထောက်အကူပြုစေမည်ဖြစ်သည်။ အထူးသဖြင့် ဂျပန်နိုင်ငံသည် တရုတ်နှင့်မြောက်ကိုရီးယားတို့ထံမှ ခြိမ်းခြောက်မှုများမြင့်တက်လာလျက်ရှိသောကြောင့် အမေရိကန်ထံမှ Tomahawk ခရုဇ်ဒုံးကျည်အစင်း ၄၀၀ ဝယ်ယူသွားရန် စီစဉ်ထားရှိသည်။

သို့သော်၂၀၂၅ ခုနှစ် မတ်လထုတ် Newsweek သတင်းစာ၌ ဂျပန်နိုင်ငံအပေါ် တရုတ်နိုင်ငံ၏ ဒုံးကျည်ခြိမ်းခြောက်မှု သဘောသဘာဝပြောင်းလဲလာမှုနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးပျံတပ်ဖွဲ့(PLAF)သည် ဂျပန်နိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်သည့် အဆင့်မြင့်ဒုံးကျည်စနစ်များတပ်ဖြန့်ချထားကြောင်း မီးမောင်းထိုးဖော်ပြခဲ့သည်။

အသံလွန်ကျည်ထိပ်ဖူး(HGVs)များ တပ်ဆင်ထားသည့် တရုတ်နိုင်ငံ၏ DF-17 အမျိုးအစား တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်အပြင် CJ-10 နှင့် CJ-100 မြေပြင်ပစ်ခရုဇ်ဒုံးကျည်များသည် ဂျပန်နိုင်ငံကို သိသာသော ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ အရှေ့မြောက်ပိုင်း ကျီလင့်နှင့်ရှန်ဒေါင်းပြည်နယ်များတွင် တပ်ဖြန့်ချထားသော ၎င်းဒုံးကျည်




များသည် ကီလိုမီတာ ၁၅၀၀ မှ ၂၅၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သောကြောင့် ဂျပန်နိုင်ငံ၏ အဓိကကျွန်းကြီးလေးခုကို လွှမ်းခြုံနိုင်မည်ဖြစ်သည်။ ထို့ပြင် Anhui ပြည်နယ်တွင် တပ်ဖြန့်ချထားသောDF-26 အမျိုးအစားတာလတ်ပစ်ပဲ့ထိန်းဒုံးကျည်သည်လည်း တရုတ်နိုင်ငံ၏ ဒုံးကျည်တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို ကီလိုမီတာ ၄၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်မည်ဖြစ်သည်။

ထိုအတောအတွင်း မြောက်ကိုရီးယား၏ အသံလွန်ဒုံးကျည်စမ်းသပ်မှုသည် မဟာဗျူဟာမြောက်ဒုံးကျည်စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာစေရန် ရည်မှန်းထားရှိကြောင်း အမေရိကန်ရေတပ်အင်စတီကျု(USNI)က ၂၀၂၅ ခုနှစ် ဇန်နဝါရီလ၌ အစီရင်ခံထားရှိသည်။ ၎င်းဒုံးကျည်သည် အသံ၏ အမြန်နှုန်း ၁၂ နှင့်ညီမျှသော Mach 12 နှုန်းဖြင့် ကီလိုမီတာ ၁၅၀၀ ထိ ရောက်ရှိပျံသန်းနိုင်ပြီး ဂျပန်ပင်လယ်အတွင်းသို့ ကျရောက်ခဲ့သည်။ သို့သော် ဂျပန်နိုင်ငံ၏ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံးတို့က ထုတ်ပြန်သောအချက်အလက်များသည် မတူကွဲပြားမှုများရှိခဲ့သည်။

မည်သို့ပင်ဆိုစေ အမေရိကန်၏ Tomahawk ခရုဇ်ဒုံးကျည်ထုတ်လုပ်မှုဆိုင်ရာ စိန်ခေါ်မှုများသည် အလားတူ ပြည်တွင်းလုပ်ဒုံးကျည်သုတေသနပြုတည်ဆောက်ရေး ဂျပန်နိုင်ငံ၏ဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုရှိလာဖွယ်ရာရှိနေသည်။ အမေရိကန်ရေတပ်သည် ထုတ်လုပ်မှုစွမ်းဆောင်ရည်များထက် အသုံးစရိတ် ရုတ်ခြည်းတက်လာသောကြောင့် Tomahawk ခရုဇ်ဒုံးကျည်များ အသည်းအသန် လိုအပ်လျက်ရှိသည်။

အမေရိကန်သည် ၂၀၂၄ ခုနှစ်အတွင်း ယီမင်နိုင်ငံကိုတိုက်ခိုက်မှုအပါအဝင် မကြာသေးမီက ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် ဒုံးကျည်အမြောက်အမြားအသုံးပြုခဲ့ပြီး တစ်နေ့တည်းမှာပင် ဒုံးကျည်အစင်း ၈၀ ပစ်ခတ်ခဲ့သည်။ ဝယ်ယူရေးဆိုင်ရာလိုအပ်ချက်များ အတက်အကျဖြစ်နေခြင်းနှင့် လုံလောက်မှုမရှိသော ထုတ်လုပ်မှုနှုန်းတို့ကြောင့် ဖြစ်ပေါ်လာသည့် စက်မှုလုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများသည် စွမ်းဆောင်ရည် ကန့်သတ်ချက်ရှိသော အချိန်ကိုက်ထုတ်လုပ်မှုပုံစံကိုသာ ဖြစ်ပေါ်စေလျက်ရှိသည်။

ဒုံးကျည်တိုးချဲ့ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရေးကြိုးပမ်းမှုများသည် လက်ရှိအချိန်ထိသိသာထင်ရှားသော အကျိုးရလဒ်များ ထွက်ပေါ်လာခြင်းမရှိသေးပေ။ ထို့ပြင် တည်ငြိမ်မှုမရှိသော ဝယ်လိုအားသည် ရှေ့ကတ်မော်တာများကဲ့သို့သော အဓိကအစိတ်အပိုင်းများတွင် အကျပ်အတည်းဖြစ်ပေါ်လျက်ရှိသဖြင့် ပြန်လည်ဖြည့်တင်းရာတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ လက်ရှိထုတ်လုပ်မှုနှုန်းသည် လုံလောက်မှုမရှိဘဲ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင် လစဉ်ဒုံးကျည် ၅ စင်းလောက်သာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ထိုင်ဝမ်ရေလက်ကြားတွင် အမေရိကန်-တရုတ် စစ်မက်ဖြစ်ပွားလာမည်ဆိုလျှင် အမေရိကန်အနေဖြင့် ရက်သတ္တ ၃ ပတ်အတွင်း Tomahawk ခရုဇ်ဒုံးကျည်အစင်း ၄၀၀ ခန့်တိုးချဲ့ထုတ်လုပ်ရန် လိုအပ်မည်ဖြစ်ပြီး Tomahawk Block 4 ဒုံးကျည်အစားထိုးထုတ်လုပ်ရန် ၂၅ လခန့် အချိန်ယူရမည်ဖြစ်ကြောင်း မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးစင်တာ(CSIS)က ကောက်ချက်ချထားသည်။ အမေရိကန်တွင် ဒုံးကျည်အသုံးပြုမှုများပြားလာခြင်းသည် ဂျပန်ကဲ့သို့သော မဟာမိတ်များကို ဒုံးကျည်များ ရောင်းချပေးသွားနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် Type 12 အမျိုးအစားဒုံးကျည်ကို ပိုမိုကွာဝေးသော နေရာထိရောက်ရှိစေမည့် စွမ်းအားပြင်းဒုံးကျည်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းသည် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများရှိလာနိုင်ပေသည်။

အဆင့်မြှင့်တင်တည်ဆောက်ထားသော တာဝေးပစ် Type 12 ဒုံးကျည်သည် အချိန်နှင့်တစ်ပြေးညီ ပစ်ခတ်နိုင်ရေးအတွက် ဂြိုဟ်တုဒေတာလင့်နှင့် လမ်းညွှန်စနစ်တို့လိုအပ်သည်။ ထို့ပြင် ၎င်းဒုံးကျည်သည် ခိုင်ခန့်သည့် ဘန်ကာကဲ့သို့သော မာကျောသည့် ပစ်မှတ်များကို ဖျက်ဆီးနိုင်ရန်လည်း အမျိုးမျိုးသော ကျည်ထိပ်ဖူးများလိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် တရုတ်နှင့်မြောက်ကိုရီးယားနိုင်ငံတို့အနေဖြင့်လည်း ခိုင်မာအားကောင်းသော ကာကွယ်ရေးစနစ်များ တပ်ဖြန့်ချထားသွားဖွယ်ရာရှိသည်။

ဂျပန်နိုင်ငံက သုတေသနပြုတည်ဆောက်လျက်ရှိသည့် တာဝေးပစ်တိုက်ခိုက်ရေးစနစ်များသည် ဈေးနှုန်းကြီးမားနေသဖြင့် ၎င်းလက်နက်များ ထုတ်လုပ်ရေးအတွက် စွမ်းဆောင်ရည်ကန့်သတ်ချက်ရှိနေသည်။ သို့သော် ဂျပန်နိုင်ငံအနေဖြင့် တာဝေးပစ်ဒုံးကျည်များထုတ်လုပ်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် စောင့်ကြည့်၊ ထောက်လှမ်း၊ ကင်းထောက်(ISR)မစ်ရှင်များအတွက် အမေရိကန်ကို ဆက်လက်မှီခိုအားထားနေရဆဲပင်ဖြစ်သည့် ပစ်မှတ်ခြေရာခံထောက်လှမ်းနိုင်ရန်အတွက် အမေရိကန်၏အထောက်အပံ့များ လိုအပ်လျက်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် အရေးပါသည့် အဆိုပါအချက်အလက်များ အရေးပေါ်လိုအပ်သည့်အချိန်တွင် အမေရိကန်နိုင်ငံအနေဖြင့် လက်ရှောင်သွားဖွယ်ရာရှိနေသည်။ သာဓကအနေဖြင့် ယူကရိန်းစစ်ပွဲတွင် အမေရိကန်က ထောက်လှမ်းရေးသတင်းအချက်အလက်မျှဝေမှုကို ရပ်ဆိုင်းလိုက်သည့်အချိန်၌ စစ်ဆင်ရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိခဲ့သဖြင့် အမေရိကန်၏မဟာမိတ်များကို အမေရိကန်စစ်ရေးအထောက်အပံ့နှင့် နည်းပညာတို့အပေါ် မှီခိုအားထားနေရမှုနှင့်စပ်လျဉ်း၍ စဉ်းစားသုံးသပ်မှုများလုပ်ဆောင်ရန် ဖိအားဖြစ်စေခဲ့သည်။ ယူကရိန်းစစ်ပွဲ၌ အမေရိကန်၏ ထောက်လှမ်းရေးသတင်းအချက်အလက်ပံ့ပိုးမှုများ မရရှိခဲ့ခြင်းသည် ရုရှားတို့ကိုအသာစီးရရှိစေခဲ့သည်။

ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်အပေါ် မှီခိုအားထားခြင်းမရှိဘဲ ၎င်း၏တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို လွတ်လပ်စွာတည်ဆောက်သွားမလား သို့တည်းမဟုတ် အမေရိကန်နည်းပညာကိုဆက်လက်မှီခိုသွားမလားဆိုသော အချက်ကို ရွေးချယ်ရန်ခက်ခဲလျက်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် ကင်းထောက်ဂြိုဟ်တုများလွှတ်တင်ပြီး ပစ်မှတ်ခြေရာခံရေးအတွက် ဂြိုဟ်တုငယ်များလွှတ်တင်ရာတွင် ကုန်ကျစရိတ်နှင့် ဆက်စပ်ပစ္စည်းများကြောင့် အမေရိကန်အပေါ် ဆက်လက်မှီခိုအားထားသွားရဖွယ်ရှိနေသည်။ ထို့ပြင် ထရန့်အစိုးရအဖွဲ့အနေဖြင့်လည်း ဂျပန်နိုင်ငံကို ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲရန်နှင့် မဟာမိတ်အဖွဲ့တွင် ဘဏ္ဍာငွေပိုမိုထည့်ဝင်ရန် ဖိအားပေးလာနိုင်သဖြင့် အမေရိကန်-ဂျပန်ဆက်ဆံရေးသည် ပိုမိုတင်းမာလာဖွယ်ရာရှိနေသည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၇ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ ၂ ရာခိုင်နှုန်းထိ သုံးစွဲသွားရန် ကတိပြုထားသောကြောင့် အခွန်ငွေတိုးမြှင့်ကောက်ခံမှုအပေါ် ပြည်သူလူထုဆန့်ကျင်မှုများအပါအဝင် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများသည် အဆိုပါစီမံကိန်းများကို ပိုမိုသိမ်မွေ့ရှုပ်ထွေးလာစေနိုင်ပေသည်။ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်အပေါ် မှီခိုအားထားနေရခြင်းမှသည် ကိုယ်ပိုင်ဟန့်တားမှုစွမ်းဆောင်ရည် တည်ဆောက်ခြင်းကိုဗဟိုပြုလျက်ရှိသောကြောင့် ကိုယ်ပိုင်ဒုံးကျည်များ တည်ဆောက်သွားနိုင်မလား သို့တည်းမဟုတ် အမေရိကန်လုပ်ဒုံးကျည်များကိုသာ ဆက်လက်မှီခိုသွားမလားဆိုသော အချက်ကိုစောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

**- Japan’s Tomahawk-like missile shows fading faith in US by Asia Times.**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၂ ဒသမ ၅၃ တင်း ထွက်ရှိ



**ကျွန်းလှ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၁၇၂၇ ဧက စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်တောင်သူတွေကိုလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ရိတ်သိမ်းပြီး မတ်ပဲများ အမိုးအကာအောက် အချိန်မီရောက်ရှိရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့တင်ပို့နိုင်သဖြင့် ဝင်ငွေတိုးကာ လူမှုဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မတ်ပဲ အထွက်နှုန်း ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းရှူးမြို့နယ် ဝမ်မယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဟိုက်ပါကျေးရွာအုပ်စုဝမ်မယ်ကျေးရွာ၌ ဧပြီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ဝမ်မယ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝမ်မယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၂၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထိုနောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်မယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦးကို ရန်ပုံငွေကျပ် ၂၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**

# အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ပြင်၌ ပြင်းထန်စွာလောင်ကျွမ်းနေသောတောမီးကို မထိန်းချုပ်နိုင်သေး



ဂျေရုဆလင် မေ ၁

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ပြင်၌ ဧပြီ ၃၀ ရက်က ပြင်းထန်စွာလောင်ကျွမ်းနေသော တောမီးကို ယနေ့ထိ မထိန်းချုပ်နိုင်သေးကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျေရုဆလင်မြို့ ဆင်ခြေဖုံးရှိ အက်စတိုးသစ်တောတွင် တောမီးလောင်ကျွမ်းမှုသည် နိုင်ငံတွင်း အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ကြောင်း၊ ဂျေရုဆလင်မြို့၏ တောင်ကုန်းအနည်းဆုံး ငါးခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှု၊ ခြောက်သွေ့သောအခြေအနေနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် တောမီးကို ထိန်းချုပ်ရန် ခက်ခဲနေကြောင်း မြို့နယ်မီးသတ်နှင့် ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

"ဒါဟာ နိုင်ငံအတွင်းအကြီးမားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပေမဲ့ ခြောက်သွေ့တဲ့ အခြေအနေနဲ့ လေပြင်းတိုက်ခတ်မှုတွေကြောင့် ထိန်းချုပ်ဖို့ ကြိုးစားနေရပါတယ်"ဟု ဂျေရုဆလင်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဖရိုင်းမန်းက ပြောကြားခဲ့သည်။

အစ္စရေး မီးသတ်တပ်ဖွဲ့ဝင်များအပြင် ကယ်ဆယ်ရေးသမားများလည်း ပိုင်းဝန်းကူညီလျက်ရှိကြောင်း၊ အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက တောမီးလောင်ကျွမ်းမှုပြင်းထန်သဖြင့် နိုင်ငံတော်အရေးပေါ် အခြေအနေအဖြစ်ကြေညာထားခြင်းကြောင့် မီးငြိမ်းသတ်ရန် နိုင်ငံတကာ၏အကူအညီကို တောင်းခံလျက်ရှိကြောင်း၊ တောမီး လောင်ကျွမ်းမှုကြောင့် တဲလ်အဗစ်နှင့် ဂျေရုဆလင်မြို့ကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည့် လမ်းကြောင်းအမှတ်(၁)ကို ပိတ်ခဲ့ရကြောင်း အရေးပေါ်တုံ့ပြန်ရေးအဖွဲ့အစည်း ယူနိုက်တက်ဟတ်ဇလာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တူကီယဲနိုင်ငံ အနောက်တောင်ဘက်ပိုင်း မူဂလာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ

အင်ကာရာ မေ ၁

တူကီယဲနိုင်ငံ အနောက်တောင်ဘက်ပိုင်း မူဂလာနယ်မြေတွင် ဧပြီ ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း တူကီယဲ အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ရေကြီးရေလျှံမှုသည် မူဂလာနယ်မြေအပြင် ဘိုဒရမ်နယ်မြေ၊ ဂမ်ဘက်နယ်မြေတို့တွင်လည်း ဖြစ်ပေါ်နေပြီး လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ မိုးရေနှင့်အတူ အမှိုက်သရိုက်များ ပါဝင်နေသည့်အတွက် ရေနုတ်မြောင်းများပိတ်ဆို့နေ၍ မိုးရွာသွန်းပြီး အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း တူကီယဲအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဧပြီ ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးတော့ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေစီးနဲ့အတူ ရွှံ့ညွန်တွေ၊ အမှိုက်သရိုက်တွေလဲ ပါဝင်နေပါတယ်။ လမ်းတချို့ရေလွှမ်းနေတဲ့အတွက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် လမ်းမကြီးတချို့ကို ပိတ်ထားပါတယ်။ မူဂလာနယ်မြေအပါအဝင် ဘိုဒရမ်နယ်မြေနဲ့ ဂမ်ဘက်နယ်မြေမှာလဲ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ နေအိမ်တွေကို ရေလွှမ်းလာရင် လိုက်နာလုပ်ဆောင်ရမဲ့ ညွှန်ကြားချက်တွေကိုလဲ ထုတ်ပြန်ထားပါတယ်"ဟု တူကီယဲ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများကို လေ့ကျင့်မှုပြုလုပ်နေကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်

ဝါရှင်တန် မေ ၁

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဟာရီကိန်းမုန်တိုင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြည်သူများအန္တရာယ်ကင်းစေရန် ထိရောက်သောကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးဝန်ထမ်းများကို လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေ့ကျင့်ရေးအစီအစဉ်အတွက် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်း ၃၁၁ ဦးရွေးချယ်ထားပြီး မန်နာတီကောင်တီတွင် လေ့ကျင့်မှုပြုလုပ်ပေးနေကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်ချိန် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ရေးအတွက် ထိရောက်သော လေ့ကျင့်မှုများ ပြုလုပ်ပေးနေကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟာရီကိန်း မုန်တိုင်းရာသီ ရောက်လာပြီဖြစ်ပါတယ်။ ဟာရီကိန်းမုန်တိုင်းဟာ ဆက်တိုက်ဝင်ရောက်လာနိုင်တဲ့အတွက် ရေကြီးရေလျှံမှုတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းဖို့နဲ့ ထိရောက်တဲ့ ကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ကယ်ဆယ်ရေးဝန်ထမ်းတွေကို သီးသန့်လေ့ကျင့်မှုတွေ ဆောင်ရွက်နေပါတယ်။ လေ့ကျင့်ပေးမှုတွေအတွက် ဝန်ထမ်း ၃၁၁ ယောက် ရွေးချယ်ထားပါတယ်။ မန်နာတီကောင်တီမှာ စုဖွဲ့ပြီးတော့ လေ့ကျင့်ပေးမှုတွေ ပြုလုပ်ပေးနေပါတယ်"ဟု ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အီရတ်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုး၊ မွေးမြူရေးသမားများ အခက်အခဲများနှင့် ရင်ဆိုင်နေရ

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် နိုင်ငံ၏ အဓိကမြစ်ကြီးနှစ်စင်းဖြစ်သည့် တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်တို့တွင် မြစ်ရေပမာဏ နည်းပါးလာခြင်းကြောင့် အဆိုပါမြစ်များကို မှီခိုအားထားနေရသည့် စိုက်ပျိုး၊ မွေးမြူရေးသမားများ အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အီရတ်နိုင်ငံ၏ ကျေးလက်ဒေသမှ စိုက်ပျိုး၊ မွေးမြူရေးသမားများကို ရေအကျပ်အတည်းဖြစ်စေသည့် အဓိကအကြောင်းအရင်းမှာ ရာသီဥတုဖောက်ပြန်ခြင်း၊ တူကီယဲနှင့်အီရန်နိုင်ငံတို့တွင် ရေလှောင်တမံများ အများအပြားတည်ဆောက်လာခြင်း၊ ခေတ်မမီတော့သော ဆည်မြောင်းနည်းပညာများနှင့် ရေရှည်စီမံခန့်ခွဲမှုအစီအစဉ်များ အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း အီရတ်နိုင်ငံ၏ မြေလွတ်မြေရိုင်းထိန်းသိမ်းသူများ၏ ပြောကြားချက်အရ သိရသည်။

"ဒေသခံတွေကတော့ မြို့ကထွက်သွားကြပါပြီ။ အိမ်ခြေအနည်းငယ်ပဲ ကျန်ပါတော့တယ်။ အရင်က ကျွန်တော့်မှာ ကျွဲကောင်ရေ ၁၃၀ လောက်ရှိပါတယ်။ အခုတော့ ကောင်ရေ ၆၀ လောက်ပဲ ရှိတော့တယ်။ အချို့ကတော့ အစာရေစာရှားပါးလို့၊ အပူလွန်ကဲလို့ သေကုန်ပါတယ်။ အချို့ကိုတော့ မိုးခေါင်လို့ စီးပွားရေးအဆင်မပြေလို့ ရောင်းလိုက်ရတယ်"ဟု တောင်ပိုင်း ဒီကွာပြည်နယ်ရှိ ကျွဲမွေးမြူရေးလုပ်ကိုင်သူ ဆာဘတ်အစ္စမေးက ပြောကြားခဲ့သည်။

ထို့ပြင် တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်အထက်ပိုင်းရှိ မြေဆီမြေဩဇာကောင်းသော စိုက်ပျိုးမြေများစွာသည် ရေကာတာများအလွန်အကျွံ တည်ဆောက်ခြင်းနှင့် မိုးခေါင်မှုဒဏ်ကို ခံစားခဲ့ရပြီးနောက် ခြောက်သွေ့ပျက်စီးခဲ့သဖြင့် မြို့နေလူထုအများအပြားသည် မြို့များသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ထို့ပြင် ကျွဲနို့ထုတ်လုပ်ရောင်းဝယ်ရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုသည့် မွေးမြူရေးသမားများအနေဖြင့် ပြင်းထန်သောမိုးခေါင်မှုကြောင့် မွေးမြူရေး ကျွဲကောင်ရေ ထက်ဝက်ကျော် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# နယူးဇီလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် စာသင်ကျောင်းများ ပိတ်ထားရပြီး လေကြောင်းခရီးစဉ်တချို့ ဆိုင်းငံ့ထား

ဝယ်လင်တန် မေ ၁

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် စာသင်ကျောင်းများ ပိတ်ထားပြီး လေကြောင်းခရီးစဉ်တချို့ကို ဆိုင်းငံ့ထားကြောင်း နယူးဇီလန် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေတိုက်နှုန်း မြင့်မားနေပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၄ မိုင်နှုန်းဖြင့် တိုက်ခတ်နေသည့်အတွက် အန္တရာယ်ရှိ၍ စာသင်ကျောင်းများကို ယာယီပိတ်ထားခြင်းဖြစ်ကြောင်း၊ လေတိုက်နှုန်းမြင့်မားသည့်အတွက် အန္တရာယ်အဆင့်ကို အနီရောင်အဆင့်သတ်မှတ်ထားကြောင်း နယူးဇီလန် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဝယ်လင်တန်မြို့မှာ ဖြစ်ပေါ်နေတဲ့ မိုးလေဝသအခြေအနေက ပုံမှန်မဟုတ်တဲ့ အခြေအနေဖြစ်ပါတယ်။ လေတိုက်နှုန်းမြင့်မားနေသလို မိုးသည်းထန်စွာရွာသွန်းနေတယ်။ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် လမ်းတချို့ကို ယာယီပိတ်ထားရပါတယ်။ တိမ်တွေ ပိတ်ဖုံးနေတဲ့အတွက် လေကြောင်းခရီးစဉ်တွေနဲ့ စာသင်ကျောင်းတွေကိုလဲ ယာယီပိတ်ထားပါတယ်။ ကမ်းခြေဒေသတွေမှာလဲ ရေပမာဏမြင့်တက်နေတဲ့အတွက် ရေလှိုင်းနဲ့အတူ အမှိုက်သရိုက်တွေလဲ ပါလာတဲ့အတွက် ကယ်ဆယ်ရေး ဝန်ထမ်းတွေ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ဝယ်လင်တန် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီလီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# စနေနေ့ညကစားမဲ့ ဥရောပပြိုင်ပွဲတွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့ ပါးမားအသင်း၊ လက်ပါးမက်အသင်း၊ အေဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



ဥရောပဘောလုံးရာသီပိတ်သိမ်းဖို့ ပွဲစဉ်သုံးပွဲလောက်သာကျန်ရှိတော့တာကြောင့် ချန်ပီယံဆုရရှိနိုင်တဲ့အသင်းတွေနဲ့ တန်းဆင်းရမဲ့အသင်းတွေပေါ်ထွက်လာခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဥရောပဝင်ခွင့်ရဖို့ကတော့ အကြိတ်အနယ်ယှဉ်ပြိုင်နေရတာကြောင့် နောက်ဆုံးပွဲစဉ်ထိစောင့်ကြည့်ရမှာသေချာပါတယ်။ လက်ရှိမှာ ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူး၊ ဘွန်ဒက်လီဂါတို့က ဆုဖလားရမဲ့ အသင်းတွေထွက်ပေါ်ခဲ့ပေမဲ့ လာလီဂါနဲ့ စီးရီးအေမှာတော့ ချန်ပီယံဆုအတွက် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေလို့ ဆက်လက်စောင့်ကြည့်ရအုံးမှာဖြစ်ပါတယ်။ အခုချိန်ဟာ တန်းဆင်းဇုန်ကအသင်းတွေအတွက် အရေးကြီးဆုံးအချိန်ဖြစ်တာကြောင့် အသင်းငယ်တွေဟာ အသင်းကြီးတွေကိုတောင် တုံ့ပြန်ကစားနေတာဖြစ်လို့ ဒီတစ်ပတ်ပွဲစဉ်တွေမှာလဲ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရမှတ်ရှာဖွေရမဲ့ အသင်းတွေနဲ့ ဥရောပဝင်ခွင့်ရဖို့ ကြိုးစားရမဲ့အသင်းတွေကိုသာ ဦးစားပေးရွေးချယ်သွားမှာပါ။

### ပါးမားအသင်း ရလဒ်ကောင်းမှာပါ

အီတလီစီးရီးအေပွဲစဉ် (၃၅) မှာ အကြိုက်တွေ့မိတာကတော့ ပါးမားအသင်းနဲ့ ကိုမိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါးမားအသင်းဟာ ၃၄ ပွဲကစားအပြီးမှာရမှတ် ၃၂ မှတ်သာရခဲ့တာကြောင့် အဆင့် (၁၈) မှာရပ်တည်နေတဲ့ ဗီနီဇီယာအသင်းနဲ့ ရမှတ်ငါးမှတ်သာကွာဟနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် လက်ကျန်ပွဲလေးပွဲအလိုမှာ အမှားမလုပ်ဘဲ ရမှတ်ရှာဖွေနိုင်မှသာ စီးရီးအေမှာ ဆက်လက်ကစားခွင့်ရမှာဖြစ်လို့ နောက်ပိုင်းမှာ အစွမ်းကုန်ကြိုးစားကစားနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲဆက်မှာရှုံးပွဲမရှိခဲ့ဘဲ အင်တာမီလန်၊ ဂျူဗင်တပ်၊ လာဇီယိုတို့လိုအသင်းကြီးတွေကို အပြန်အလှန်သွင်းဂိုးတွေနဲ့ကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းကအားရစရာဖြစ်နေလို့ တန်းဆင်းဇုန်ကလွတ်ဖို့ အခွင့်အရေးရလာတာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ လာဇီယိုနဲ့ပွဲမှာလဲ ဦးဆောင်ဂိုးနှစ်ဂိုးရပြီးမှာ ခံစစ်ကစားပုံအားနည်းချက်ကြောင့် ပွဲချိန် မိနစ် ၈၀ ကျော်မှာ နှစ်ဂိုးပြန်ပေးလိုက်ရလို့ အခုပွဲမှာ ခံစစ်ပိုင်းပြင်ဆင်နိုင်မယ်ဆိုရင် ကိုမိုအသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။

ကိုမိုအသင်းဟာ အခုနှစ်မှတန်းတက်လာခဲ့ပေမဲ့ ပြိုင်ပွဲအတွေ့အကြုံရှိတဲ့ ကစားသမားတွေခေါ်ယူနိုင်ခဲ့လို့ ရလဒ်ပိုင်းကောင်းနေတာကိုတွေ့ရမှာပါ။ နည်းပြဖာဘရီဂတ်ဟာကစားသမားဘဝအတွေ့အကြုံကောင်းတွေနဲ့ အသင်းကိုအကောင်းဆုံးဦးဆောင်နိုင်ခဲ့တာကြောင့် အမှတ်ပေးပွဲ ၃၄ ပွဲအပြီးမှာ ရမှတ် ၄၂ ထိရရှိခဲ့ပြီး စီးရီးအေမှာ ဆက်လက်ကစားခွင့်ကိုပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရခဲ့ပြီး တိုက်စစ်ကကိုးဂိုးနဲ့ ခံစစ်က ပေးဂိုးနှစ်ဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဖာဘရီဂတ်အနေနဲ့ ပြိုင်ဘက်အသင်းရဲ့ကစားပုံကိုလိုက်ပြီး ကစားကွက်ပြောင်းလဲကစားခဲ့သလို ခြေရည်တူအသင်းတွေနဲ့ဆို ဘောလုံးပိုင်ဆိုင်မှုအသားပေးပြီး တိုက်စစ်မြင့်ကစားလေ့ရှိတာကိုသတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ကိုဒီယာအိုကသွင်းဂိုးရှစ်ဂိုးနဲ့ ဦးဆောင်နေပေမဲ့အခုပွဲမှာတော့ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ တိုက်စစ်ပိုင်းကျဆင်းသွားဖို့များပါတယ်။ သူတို့နှစ်သင်းပထမအကျော့မှာ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့အပြင် နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးကြိမ်မှာလဲ ပါးမားကကိုမိုကိုရှုံးနိမ့်ခဲ့ခြင်း မရှိတာကြောင့် အခုပွဲမှာတန်းဆင်းဇုန်ကရုန်းရမဲ့ ပါးမားအသင်း ရလဒ်ကောင်းမှာပါ။

### ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၀ | - | ၀ | ပါးမား |
| ပါးမား | ၂ | - | ၂ | အင်တာမီလန် |
| ဖီအိုရင်တီးနား | ၀ | - | ၀ | ပါးမား |
| ပါးမား | ၁ | - | ၀ | ဂျူဗင်တပ် |
| လာဇီယို | ၂ | - | ၂ | ပါးမား |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုမို | ၁ | - | ၁ | အမ်ပိုလီ |
| မွန်ဇာ | ၁ | - | ၃ | ကိုမို |
| ကိုမို | ၁ | - | ၀ | တိုရီနို |
| လက်ချီ | ၀ | - | ၃ | ကိုမို |
| ကိုမို | ၁ | - | ၀ | ဂျီနိုအာ |

### လက်ပါးမက်အသင်းကို ရွေးချယ်ရမှာပါ

လာလီဂါပွဲစဉ် (၃၄) မှာအကြိုက်တွေ့တာကတော့ လက်ပါးမက်အသင်းနဲ့ ဗလင်စီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ပါးမက်အသင်းဟာ အခုရာသီအမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၇ ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၃၂ မှတ်သာရခဲ့လို့ အဆင့် (၁၈) တန်းဆင်းဇုန်မှာရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဘီလ်ဘာအို၊ ဆိုစီဒက်တို့လိုအသင်းကြီးတွေကိုရှုံးခဲ့ပေမဲ့ ဆဲလ်တာဗီဂို၊ ဂီတာဖေး၊ အေတီကိုအသင်းတို့ကိုအနိုင်ရခဲ့တဲ့ ခြေစွမ်းပိုင်းကချီးကျူးစရာပါ။ အထူးသဖြင့် တိုက်စစ်ကစားပုံကောင်းပြီး ကစားသမားစုဖွဲ့မှုကောင်းတဲ့ အေတီကိုအသင်းကို အိမ်ကွင်းအနိုင်ရခဲ့တာကြောင့် အခုရာသီလာလီဂါမှာ ကျန်ရစ်ဖို့ မျှော်လင့်ချက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းဟာ အဆင့် (၁၇) က အလာဗက်နဲ့ ရမှတ်နှစ်မှတ်၊ အဆင့် (၁၆) က ဂျီရိုနာနဲ့ ရမှတ်သုံးမှတ်သာကွာဟနေပြီး လာမဲ့ပွဲမှာ အလာဗက်ကအေတီကိုနဲ့ တွေ့နေတာကြောင့် အခုပွဲကိုအနိုင်ရခဲ့ရင် တန်းဆင်းဇုန်ကလွတ်မှာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲမှာရမှတ်လိုအပ်ချက်မရှိတော့တဲ့ ဗလင်စီယာကိုဖိအားပေးကစားနိုင်မှာသေချာပါတယ်။

ဗလင်စီယာအသင်းဟာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ နည်းပြ ကော်ဘာရန်ကိုပြောင်းလဲပြီးနောက်ပိုင်း ကစားပုံတိုးတက်လာတာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာရမှတ် ၃၉ မှတ်နဲ့ အဆင့် (၁၄) ထိရောက်ခဲ့ပြီး တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ သေချာခဲ့တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ပထမရာသီဝက်မှာ ကစားပုံကျဆင်းခဲ့ပေမဲ့ နည်းပြသစ်လက်ထက်မှာတော့ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် မတ်လကစလို့ အမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိတော့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နောက်ပိုင်းပွဲတွေမှာ ခံစစ်အားပြုကစားနေတာဖြစ်လို့ အသင်းငယ်တွေကိုတောင် ဂိုးပေးနေရလို့ ရမှတ်ခွဲပေးနေရတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာတော့ လက်ပါးမက်အသင်းကအဝေးကွင်းကနေအပြန်အလှန်ဂိုးတွေနဲ့ သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် အခုပွဲမှာလဲအိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးနိုင်ဖို့များပါတယ်။ ဗလင်စီယာဟာလက်ပါးမက်နဲ့ ကစားရတဲ့အဝေးကွင်းပွဲတွေမှာ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲမရခဲ့တာကိုကြည့်ရင် အစဉ်အလာအရ ဗလင်စီယာအသင်းဟာ လက်ပါးမက် အိမ်ကွင်းမှာအသာမရခဲ့ဘူးတာကြောင့် အခုပွဲ မှာလဲ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အိမ်ရှင် လက်ပါးမက်အသင်းကို ရွေးချယ်ရမှာပါ။

### လက်ပါးမက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၁ | လက်ပါးမက် |
| လက်ပါးမက် | ၁ | - | ၃ | ဆိုစီဒက် |
| ဂီတာဖေး | ၁ | - | ၃ | လက်ပါးမက် |
| လက်ပါးမက် | ၁ | - | ၀ | အေတီကို |
| ဘီလ်ဘာအို | ၁ | - | ၀ | လက်ပါးမက် |

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၁ | - | ၀ | မာဘော့ကာ |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၀ | ဆီဗီလာ |
| ဗယ်လ်ကာနို | ၁ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၁ | အက်စ်ပန်ညို |

### အေဗီလာအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ်တွေထဲကအကြိုက်တွေ့မိတာကတော့ အေဗီလာအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေဗီလာအသင်းဟာ နည်းပြအမ်မရီလက်ထက်မှာပုံစံကောင်းရခဲ့သလို ရှက်ရှ်ဖို့၊ အဆန်စီယို၊ ဒီဆာဆီ၊ မာလန်းတို့လိုကစားသမားခေါ်ယူနိုင်ခဲ့တာကြောင့် ပြိုင်ပွဲစုံရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်ခဲ့သလို အက်ဖ်အေဖလားမှာလဲ ဆီမီးဖိုင်နယ်ထိ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၃၄ ပွဲအပြီးမှာတော့ ရမှတ် ၅၇ မှတ်ထိရခဲ့တာကြောင့် အဆင့် (၇)မှာရောက်ရှိနေပြီး အဆင့် (၅) က ချဲလ်ဆီးနဲ့ သုံးမှတ်၊ အဆင့် (၄) က မန်စီးတီးနဲ့ လေးမှတ်သာကွာဟနေတာကိုတွေ့ရမှာပါ။ လာမဲ့ပွဲစဉ်တွေဟာလဲ ဖူလ်ဟမ်၊ ဘုန်းမောက်၊ စပါး၊ မန်ယူတို့လို ရမှတ်လိုအပ်ချက်မရှိတော့တဲ့ အသင်းတွေနဲ့ ကစားရမှာဖြစ်လို့ ဥရောပဝင်ခွင့်တစ်နေရာအတွက် သေချာနေတယ်လို့ဆိုရမှာပါ။

ဖူလ်ဟမ်အသင်းဟာပွဲစဉ် (၃၄) အပြီးမှာ ရမှတ် ၅၁ မှတ်ရခဲ့တာကြောင့် အဆင့် (၈)မှာရောက်ရှိနေပေမဲ့ အေဗီလာနဲ့ ရမှတ်ခြောက်မှတ်ထိ ကွာဟနေတာဖြစ်ပါတယ်။ လက်ကျန်ပွဲစဉ်တွေကလဲ အဲဗာတန်၊ ဘရန့်ဖို့ဒ်တို့လို ကစားပုံမာကျောတဲ့အသင်းတွေနဲ့ ကစားရမှာဖြစ်ပြီး မန်စီးတီးနဲ့လဲ ရာသီပိတ်ကစားရမှာဖြစ်လို့ ဥရောပပွဲကစားခွင့်ရဖို့တော့ မဖြစ်နိုင်တော့ဘူးလို့ဆိုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲနှစ်ပွဲနိုင်၊သုံးပွဲရှုံးခဲ့သလိုတန်းဆင်းသွားတဲ့ ဆောက်သမ်တန်အသင်းကိုတောင်မှ အနိုင်ရဖို့အကြိတ်အနယ်ကစားနေရတဲ့ တိုက်စစ်ပိုင်းကအခုပွဲမှာ အေဗီလာခံစစ် ကိုကျော်ဖြတ်ဖို့တော့ ခက်ခဲမှာပါ။ ဒ့ါပြင် ခံစစ်ပိုင်းကလဲ နောက်ဆုံးငါးပွဲမှာငါးပွဲစလုံး ပေးဂိုးရှိခဲ့တာကြောင့် အခုပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ အေဗီလာကိုပွဲချိန်ပြည့် ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ သူတို့နှစ်သင်းနောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလဲ အေဗီလာက ငါးပွဲစလုံး အနိုင်ရခဲ့တာကိုကြည့်ရင် အခုပွဲမှာ အိမ်ရှင်အားသာချက်ရှိပြီး အသင်းလိုက်ကစားပုံပိုကောင်းနေတဲ့ အေဗီလာအသင်းနဲ့ လက်တွဲရမှာပါ။

### အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၀ | - | ၃ | အေဗီလာ |
| အေဗီလာ | ၃ | - | ၂ | ပီအက်စ်ဂျီ |
| အေဗီလာ | ၄ | - | ၁ | နယူးကာဆယ် |
| မန်စီးတီး | ၂ | - | ၁ | အေဗီလာ |
| ပဲလေ့စ် | ၃ | - | ၀ | အေဗီလာ |

### ဖူလ်ဟမ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၂ | လီဗာပူး |
| ဘုန်းမောက် | ၁ | - | ၀ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၂ | ချဲလ်ဆီး |
| ဆောက်သမ်တန် | ၁ | - | ၂ | ဖူလ်ဟမ် |

# မြင်းမူမြို့နယ်တွင် ကုလားပဲကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၈ ဒသမ ၅၅ တင်းထွက်ရှိ



**စစ်ကိုင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ ကုလားပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၄၁၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၅၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၁၄၁၉၃ ကေထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ကုလားပဲခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ် ငွေးကုန်းကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြန်အောင် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငွေးကုန်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ငွေးကုန်းကျေးရွာ၌ အရှည်ပေ ၁၁၂၀၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၅၀၊ ကျေးရွာသူ၊ ကျေးရွာသားထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်းငွေကျပ် သိန်း ၁၉၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**















## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ဟ-၁၈၊ ဟိုမွန်ရပ်ကွက်နေ မအေးမိစံ (ခ) မအေးလင်း (ဘ) ဦးကျန်ဟုန်ပန်(၁၃/မဆတ(နိုင်)၀၃၀၂၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၂၀၁၂၈၄၅

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့နေ ဒေါ်သန်းသန်း (ဘ) ဦးဖိုးချို(၉/မဟမ(နိုင်)၀၃၁၉၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၁၉၂၈၀၃

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၄၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# လျှပ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။

**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား တစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂

**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသားတစ်ဦးကို ဇနီးဖြစ်သူက ၎င်းနှင့် လူမှုရေး ဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းလုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီး**

စာမျက်နှာ- ၂၂

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

